ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့၊ (31-3-2011) (၆၇၂၀)

ကတိသစ္စာပြု

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာ စိုင်းမောက်ခမ်းတို့ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော်　　မတ်　　၃၀

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

အစိုးရအုပ်ချုပ်ရေးယန္တရားတစ်ခုလုံးကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ မွမ်းမံပြင်ဆင်မှုတွေပြုလုပ်ရင်း ခိုင်မာအားကောင်းတဲ့ အစိုးရတစ်ရပ်အဖြစ် ပိုင်ပိုင်နိုင်နိုင် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　　မတ်　　၃၀

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ယနေ့ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လွှတ်တော်နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ဤလွှတ်တော်က ကျွန်တော့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံရမည့် ကျွန်တော့်အနေဖြင့် ပြည်ထောင်စုအစိုးရသစ်ရဲ့ မူဝါဒသဘောထားလမ်းစဉ်များကို ပြောကြားဖို့ တာဝန်ရှိလာပါတယ်။

ကျွန်တော်နှင့်တကွ ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြတဲ့အတွက် ပြည်သူအများ ထောက်ခံအတည်ပြုပေးထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၅/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ အာဏာတည်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏သဘောတူညီချက် ရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်း၊ လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းများ ဆောင်ရွက်ပြီးသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင့်သုံးလျက်ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာများကို လွှဲပြောင်းပေးလိုက်ကြောင်း ကြေညာလိုက်သည်။

၃။ အထက်အပိုဒ် ၂ ပါအတိုင်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၆/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ အာဏာတည်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ရွေးချယ်တင်မြှောက်ခြင်း၊ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ရယူခြင်းများ ဆောင်ရွက်ပြီးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာများကို လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကြေညာလိုက်သည်။

၃။ အထက်အပိုဒ် ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ အာဏာများ လွှဲပြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၇/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ အာဏာတည်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ထားရှိပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်မြို့နယ်တို့ ပါဝင်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
(ခ) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ ပါဝင်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
(ဂ) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ ပါဝင်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
(ဃ) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ ပါဝင်သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
(င) ရှမ်းပြည်နယ်ရှိ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့ ပါဝင်သော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
(စ) ရှမ်းပြည်နယ်ရှိ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ်တို့ ပါဝင်သော 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထက်ဖော်ပြပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဖွဲ့စည်းမှုများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးများတွင် ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အာဏာများကို လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကြေညာလိုက်သည်။

၄။ အထက်အပိုဒ် ၃ ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်ပုဂ္ဂိုလ်များ ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍ အထက်အပိုဒ် ၁ ပါ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၈/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်ဟု လည်းကောင်း၊ ပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက မိမိတို့၏ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးနိုင်ရန် သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

၃။ သို့ပါ၍ အောက်ပါ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ယှဉ်တွဲဖော်ပြပါ ပုဂ္ဂိုလ်များသို့ လွှဲပြောင်းပေးလိုက်သည်-

(က)	ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး
(ခ)	မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး
(ဂ)	ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ	ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

၄။ ထိုသို့ လုပ်ငန်းတာဝန်များ လွှဲပြောင်းပေးပြီးသည့်အချိန်မှစ၍ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေးမုံ The Mirror

၃၁-၃-၂၀၁၁
(ကြာသပတေးနေ့)

ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ ပေါင်းစည်းချစ်ကြည်ဖြစ်တည်နေသော ပြည်ထောင်စုနိုင်ငံ။ နေရာတိုင်း ဒေသတိုင်းတွင် အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုတိုင်းရင်းသားများ နေထိုင်လျက်ရှိရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ခိုင်ခိုင်မြဲမြဲ တည်တံ့ခိုင်ခံ့နေဆဲ။

တိုင်းရင်းသားများအကြား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းနိုင်မှုနှင့်အတူ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိခဲ့ပြီ။ တပ်မတော်အစိုးရက နှစ်ပေါင်း ၂၀ ကျော်အတွင်း နိုင်ငံတော်သစ် တည်ဆောက်ရေး အခြေခံလိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့သည်။ တည်ငြိမ်အေးချမ်းမှုရှိရေး စွမ်းဆောင်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်ဖော်ဆောင်ပေးခဲ့သည်။

ယနေ့နိုင်ငံ၏ အခြေအနေသည် ခေတ်သစ် စနစ်သစ်ဆီ ကူးပြောင်းသည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီ။ ပြည်သူတို့၏ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် ကာလဖြစ်သည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃)ပါးစလုံး ဆက်စပ်အကောင်အထည်ဖော်ရခြင်းဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းခဲ့ပြီ။ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ။ သမိုင်းတစ်ခေတ် မှတ်တမ်းတင်ရမည့် လွှတ်တော်အသီးသီးကို အောင်မြင်စွာ ကျင်းပနိုင်လျက်ရှိသည်။

လွှတ်တော်အသီးသီးက နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများကို အတည်ပြုရွေးချယ်နိုင်ခဲ့ပြီ။ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော်နေပြီဖြစ်သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ စည်းလုံးညီညွတ်မှု အခြေအနေကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းနေပြီ။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ကျရာကဏ္ဍမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

☆ **သမိုင်းရဲ့သင်ခန်းစာတွေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့ လက်ထက်သာမက နောင်သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက် ကာကွယ်သွားကြရမယ့် အမျိုးသားရေး တာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာဖြစ်။**

☆ **ဒီတာဝန်ကြီးသုံးရပ်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ အင်အားသုံးရပ် တောင့်တင်းနေဖို့လို။ အဲဒီ အင်အားတွေကတော့-**

(၁) နိုင်ငံရေးအင်အား
(၂) စီးပွားရေးအင်အားနဲ့
(၃) နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ဖြစ်။

❍ **ရှေ့ဖုံးမှ**

လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်သွားကြရမယ့် တာဝန်ရှိလာကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။

အဲဒီလို တာဝန်ရှိလာကြတဲ့အတွက် ကျွန်တော်နှင့်တကွ ကိုယ်စားလှယ်များအားလုံးတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီဥပဒေအရတည်ဆောက်ကြမယ့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို နှစ်နှစ်ကာကာ ယုံကြည်ချစ်ခင်မြတ်နိုးကြဖို့နဲ့ အသက်နဲ့ လဲလှယ်ပြီး ကာကွယ်စောင့်ရှောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီနယ်ချဲ့အောက်က လွတ်မြောက်ဖို့အတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အသက်ပေးပြီး ရယူခဲ့ကြပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းပြည်ကို ပြန်လည်ထူထောင်ကြရမယ့်အစား ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်တွေ စွဲကိုင်ပြီး တိုင်းရင်းသားအချင်းချင်း သွေးချောင်းစီးတိုက်ပွဲတွေ ဆယ်စုနှစ်ငါးခုလောက် ဖြစ်ပွားခဲ့လို့ ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရတာကိုလည်း ကိုယ်စားလှယ်ကြီးများအားလုံးအသိပဲ ဖြစ်ပါတယ်။

တိုင်းပြည် ဖရိုဖရဲပြိုကွဲတော့မယ့် အခြေအနေမျိုးနဲ့ ကြုံတွေ့ရတဲ့အခါတိုင်း၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးပါးရတော့မယ့်အခြေအနေမျိုး ဖြစ်ပေါ်လာတိုင်း တာဝန်သိပြီး သစ္စာရှိတဲ့တပ်မတော်ဟာ တိုင်းပြည်ကို ဝင်ရောက်ကယ်တင် ထိန်းကျောင်းပေးခဲ့ရတာ အကြိမ်ကြိမ်ရှိခဲ့ပါတယ်။ ယခုလည်းပဲ ၁၉၈၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ အခြေအနေဆိုးတွေကို တပ်မတော်အစိုးရဟာ ဖယ်ရှားခဲ့ပြီး အဘက်ဘက်က ယိုယွင်းပျက်စီးနေတဲ့ နိုင်ငံတော်ကို အသစ်ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ဖို့ ကျွန်တော်တို့ကို အမွေခံကောင်းတွေ ပေးထားခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ တပ်မတော်အစိုးရ အသင့်ခင်းပေးထားတဲ့ လမ်းကိုလျှောက်၊ အသင့်ထိုးပေးထားတဲ့ တံတားကိုဖြတ်ကျော်ပြီး ပို၍တည်ငြိမ်အေးချမ်းသောနိုင်ငံ၊ ပို၍ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ရောက်အောင် ဆက်လက်တည်ဆောက်ကြဖို့အတွက် ပြည်သူလူထုက ကျွန်တော်တို့အား ရွေးချယ် တာဝန်ပေးလာခဲ့ပြီဖြစ်ပါတယ်။ ဒီတာဝန်ကိုကျေပွန်ဖို့အတွက် အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး ကျွန်တော်တို့အစိုးရသစ်အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သမိုင်းရဲ့သင်ခန်းစာတွေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့လက်ထက်သာမက နောင်သားစဉ်မြေးဆက်လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက်ကာကွယ်သွားကြရမယ့် အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီး သုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒီတာဝန်ကြီးသုံးရပ်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ အင်အားသုံးရပ် တောင့်တင်းနေဖို့လိုပါတယ်။ အဲဒီ အင်အားတွေကတော့-

(၁) နိုင်ငံရေးအင်အား
(၂) စီးပွားရေးအင်အားနဲ့
(၃) နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ဖြစ်ပါတယ်။

နိုင်ငံရေးအင်အားဆိုတာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။ လူမျိုးစုပေါင်း တစ်ရာကျော်နဲ့ စုစည်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေကို တစ်ဆက်တစ်စပ်တည်း ဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ ဒီလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေကို အသုံးချပြီး တိုင်းရင်းသားတွေရဲ့ လူမှုဘဝမြင့်မားလာအောင် မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ မော်တော်ကားလမ်းတွေ၊ မီးရထားလမ်းတွေ၊ တံတားတွေ များများဖြစ်ပေါ်လာတာနဲ့အမျှ တစ်နေရာနှင့် တစ်နေရာ ကူးလူးဆက်သွယ်သွားလာမှုတွေ များပြားလာပြီး **“တွေ့ပါများတော့ ရင်းနှီး၊ မြင်ပါများတော့ ချစ်ခင်”** ဆိုသလို တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုတွေ ပိုမိုရှိလာမှာဖြစ်ပါတယ်။ **ယခုလို ရုပ်ပိုင်းဆိုင်ရာသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အခြေခံဖြစ်တဲ့ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားအောင်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**



နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနဲ့ပတ်သက်ပြီး ဒီကနေ့အထိ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်း ပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများ ရှိနေကြပါတယ်။ ဒီပုဂ္ဂိုလ် အဖွဲ့အစည်းများဟာ မိမိတို့နိုင်ငံသားများဖြစ်ကြပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးများဖြစ်ကြသလို ကျွန်တော်တို့အစိုးရအဖွဲ့ကိုလည်း ကိုယ့်တိုင်းရင်းသားတွေနဲ့ အဆင့်ဆင့် ပါဝင်ဖွဲ့စည်းထားတဲ့ ကိုယ့်အစိုးရအဖြစ်မြင်ဖို့ လိုပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ထိုက်သင့်တဲ့အမွေခံကောင်းတွေ ရရှိထားပြီးဖြစ်လို့ ကျွန်တော်တို့ ကြိုးစားပြီးလုပ်သွားရင် ဖြစ်မလာနိုင်စရာ မရှိပါဘူး။ **ဒါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ လက်ရှိ တိုးတက်မှုရှိနေတဲ့ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

နိုင်ငံတော်ကာကွယ်ရေးအင်အားကတော့ မိမိတို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သားစဉ်မြေးဆက် တည်ဆောက်သွားကြရမယ့် ကိစ္စဖြစ်ပါတယ်။ **နိုင်ငံတော်ကာကွယ်ရေးအင်အားမတောင့်တင်းရင် သူတစ်ပါးရဲ့ အနိုင်အထက်ပြုကျင့်မှုကို ခံကြရမှာဖြစ်ပါတယ်။ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နှစ်ပေါင်းရာထောင်ချီပြီး နေလာခဲ့ကြတဲ့ လူမျိုးဘဝက ကုန်းဘောင်ခေတ် ဇာတ်သိမ်းခန်းမှာ နယ်ချဲ့လက်အောက်ကို လွယ်လွယ်ကလေးနဲ့ ကျရောက်ခဲ့ရခြင်းဟာ ခေတ်မီတဲ့ တပ်မတော်တစ်ရပ်မရှိခဲ့လို့ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးကို ပေါ့ပေါ့တန်တန်နဲ့ သဘောထားကြရင် ခေတ်သစ်ကျွန်ပြုခံရခြင်းမျိုးနဲ့ ကြုံတွေ့ကြရဦးမှာဖြစ်ပါတယ်။** ပထဝီအနေအထားအရရော၊ စီးပွားရေးအရပါ အချက်အချာကျတဲ့ မိမိတို့နိုင်ငံကို နယ်ချဲ့လက်သစ်တွေဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုတဲ့အန္တရာယ်ရှိနေတာကို နားလည်သဘောပေါက်ကြမှာ ဖြစ်ပါတယ်။

❍ **နိုင်ငံရေးအင်အားဆိုတာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ်။**

❍ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ ဒီလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေကို အသုံးချပြီး တိုင်းရင်းသားတွေရဲ့ လူမှုဘဝမြင့်မားလာအောင် မြှင့်တင်ပေးရမှာဖြစ်။**

❍ **ယခုလို ရုပ်ပိုင်းဆိုင်ရာသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အခြေခံဖြစ်တဲ့ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားအောင်လည်း ဆောင်ရွက်သွားမှာဖြစ်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) မှာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ အခွင့်အရေးပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့အလယ်မှာ ကိုယ့်တိုင်းပြည် ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူပြောဆိုခြင်း မပြုကြဖို့၊ ကိုယ့်နိုင်ငံသားတွေ ထိခိုက်နစ်နာအောင် မပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

မတူညီတဲ့ သဘောထားအမြင်တွေရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျနစွာဖြင့် ရယူကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယအင်အားကတော့ စီးပွားရေးအင်အားတောင့်တင်းအောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ စီးပွားရေးအင်အားမတောင့်တင်းရင် သူတစ်ပါးရဲ့ အထင်အမြင်သေးမှု၊ နှိမ့်ချမှုကိုခံရမှာ ဖြစ်ပါတယ်။ စီးပွားရေးဟာ နိုင်ငံရေးရဲ့ ကွင်းဆက်လည်းဖြစ်ပါတယ်။ စီးပွားရေးအင်အားတောင့်တင်းရင် လူတွေဟာ ကောင်းကောင်း စားနိုင်၊ ဝတ်နိုင်၊ အဆင့်အတန်းရှိရှိနေနိုင်မှာဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပ ဘေးပယောဂတွေ ဝင်လာနိုင်စရာ မရှိပါဘူး။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဆိုပြီး အစိုးရအဆက်ဆက် စိုက်ပျိုးရေးကိုပဲ ဇောင်းပေးပြီး လုပ်ခဲ့ကြပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အတွက် စားရေရိက္ခာဖူလုံမှုရှိတဲ့အပြင် ပိုလျှံမှုလည်းရှိပါတယ်။ နောင်တိုးလာမယ့် လူဦးရေအတွက်လည်း စားနပ်ရိက္ခာအတွက် ပူပင်ကြောင့်ကြမှုမရှိရအောင် ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ စသည်ဖြင့် လယ်ယာကဏ္ဍ အခြေခံကောင်းတွေ ရှိနေပြီဖြစ်ပါတယ်။ သို့သော်လည်း စိုက်ပျိုးရေးနဲ့ ချမ်းသာကြွယ်ဝတဲ့နိုင်ငံဖြစ်မလာနိုင်တဲ့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ အလုပ်အကိုင်တွေပေါများပြီး လူတစ်ဦးချင်းဝင်ငွေတွေ တိုးပွားတဲ့ နိုင်ငံဖြစ်အောင် စက်မှုနိုင်ငံ ထူထောင်ရပါမယ်။

စက်မှုနိုင်ငံထူထောင်နိုင်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ သဘာဝအရင်းအမြစ်တွေရှိပါတယ်။ သို့သော်လည်း အရင်းအနှီးတွေလိုပါတယ်။ စွမ်းအင်လိုပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်စတဲ့ လူသားအရင်းအမြစ်တွေ

ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ လက်ရှိတပ်မတော်ကို အင်အားတောင့်တင်းတဲ့ တပ်မတော်၊ စွမ်းရည်ရှိတဲ့တပ်မတော်၊ ခေတ်မီတဲ့တပ်မတော်၊ မျိုးချစ်စိတ်ထက်သန်တဲ့တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းပြီး တည်ဆောက်ကြရပါမယ်။ နိုင်ငံတော် ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံသားအားလုံး ဝိုင်းပြီး တာဝန်ယူကြရမှာဖြစ်ပါတယ်။

၂၀၀၈ခုနှစ်က ပြည်သူလူထုအများစုဆန္ဒပြုခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အတည်ဖြစ်ပြီးဖြစ်တဲ့အတွက် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့အစိုးရအနေဖြင့် တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

စီးပွားရေးကဏ္ဍမှာ ပြီးခဲ့တဲ့နှစ်များအတွင်း ဈေးကွက်စီးပွားရေးစနစ်ပေါ်ပေါက်လာရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံများ၊ ဥပဒေ၊ နည်းဥပဒေများ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❄

❒ **မတူညီတဲ့သဘောထားအမြင်တွေ ရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျနစွာဖြင့် ရယူကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း အသိပေးပြောကြားအပ်။**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

❄ **စာမျက်နှာ ၃ မှ**

လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားခဲ့ပြီးဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အပါအဝင် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်ထားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် **ကျွန်တော်တို့အနေနဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ပေါ်ပေါက်လာဖို့၊ နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာဖို့အတွက် အရှိန်မြှင့် ဆောင်ရွက်သွားကြရမှာဖြစ်သလို ဘဏ္ဍာရေးနဲ့ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ် ကျင့်သုံးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

ကျောင်းတည့်မတ်ပေးတာမျိုးကိုသာ ရည်ရွယ်ပါတယ်။ **အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ဝင်ရောက်ထိန်းကျောင်းမှုမျိုးသာ လုပ်သွားမှာဖြစ်တဲ့အပြင် တတ်နိုင်သမျှဝင်ရောက်စွက်ဖက်မှု၊ ထိန်းချုပ်မှုအနည်းဆုံးဖြစ်အောင် ရပ်တည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဆင်းရဲချမ်းသာ ကွာဟမှုလျှော့ချရေး၊ မြို့ပြကျေးလက် လူနေမှုအဆင့် ကွာဟမှုလျှော့ချရေးတို့ကို ထည့်သွင်းစဉ်းစားပြီး သဟဇာတမျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ပေါ်ထွန်းလာအောင် လုပ်ဆောင်ဖို့လိုပါတယ်။ နိုင်ငံတော်မှာလိုအပ်နေတဲ့ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ နည်းပညာကျွမ်းကျင်မှုများ ရရှိစေဖို့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ခြင်း၊ အထူးစီးပွားရေးဇုန် ဖော်ဆောင်ခြင်းများ ဆောင်ရွက်သွားမှာဖြစ်သလို ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်အောင်လည်း ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

★ **နိုင်ငံတော်ကာကွယ်ရေးအင်အား မတောင့်တင်းရင် သူတစ်ပါးရဲ့ အနိုင်အထက်ပြုကျင့်မှုကို ခံကြရမှာဖြစ်။ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နှစ်ပေါင်းရာထောင်ချီပြီး နေလာခဲ့ကြတဲ့ လူမျိုးဘဝက ကုန်းဘောင်ခေတ်ဇာတ်သိမ်းခန်းမှာ နယ်ချဲ့လက်အောက်ကို လွယ်လွယ်ကလေးနဲ့ ကျရောက်ခဲ့ရခြင်းဟာ ခေတ်မီတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဖြစ်။ နိုင်ငံတော်ကာကွယ်ရေးကို ပေါ့ပေါ့တန်တန်နဲ့ သဘောထားကြရင် ခေတ်သစ်ကျွန်ပြုခံရခြင်းမျိုးနဲ့ ကြုံတွေ့ကြရဦးမှာဖြစ်။**

★ **ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့လိုအပ်ပါတယ်။ လက်ရှိတပ်မတော်ကို အင်အားတောင့်တင်းတဲ့ တပ်မတော်၊ စွမ်းရည်ရှိတဲ့ တပ်မတော်၊ ခေတ်မီတဲ့ တပ်မတော်၊ မျိုးချစ်စိတ်ထက်သန်တဲ့ တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းပြီး တည်ဆောက်ကြရပါမယ်။ နိုင်ငံတော် ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံသားအားလုံး ဝိုင်းပြီး တာဝန်ယူကြရမှာဖြစ်။**

စီးပွားရေးမူဝါဒအဖြစ် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးပြီး စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းစဉ်တွေရဲ့ အချုပ်ကတော့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိကစတဲ့ စီးပွားရေးအင်အားစုအားလုံးကို ဈေးကွက်စီးပွားရေးစနစ်ဘောင်အတွင်း သဟဇာတ မျှတစွာဖြင့် တစုတစည်းတည်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါ့မယ်။ ဒ့ါအပြင် ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ အဓိကအခန်းကဏ္ဍက ပါဝင်တဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးကိုလည်း အဘက်ဘက်က အားပေးကူညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးဆိုရာမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံနဲ့ပြည်သူ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာ ဖိတ်ခေါ်ပြီး ပီပီပြင်ပြင်ဆောင်ရွက်သွားမယ့် ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါတယ်။ အဲဒီလိုပြုပြင်ပြောင်းလဲလုပ်ဆောင်ပြီး ဖြစ်ထွန်းသီးပွင့်လာတဲ့ အကျိုးစီးပွားများကိုလည်း အခြေခံလူတန်းစား အောက်ခြေအဆင့်အထိ ပြည်သူတစ်ရပ်လုံးဆီကို စီးဆင်းပျံ့နှံ့ ရောက်ရှိစေပြီး အသီးသီး မျှဝေခံစားနိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါ့မယ်။ အဲဒီလိုအောက်ခြေအထိ အကျိုးစီးပွားတွေ စီးဆင်းပျံ့နှံ့ခံစားနိုင်ပြီး ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် ရည်မှန်းကာ လိုအပ်တဲ့မူဝါဒတွေ၊ ဥပဒေတွေ ချမှတ်ပြဋ္ဌာန်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာမှာ အယူအဆ အမျိုးမျိုးရှိကြသလို လုပ်နည်းလုပ်ဟန်တွေလည်း ကွဲပြားခြားနားကြပါတယ်။ အချို့နိုင်ငံတွေမှာ ဈေးကွက်ကို လုံးဝလွှတ်ထားပေးတာမျိုးရှိသလို အချို့နိုင်ငံတွေမှာတော့ အစိုးရက အတိုင်းအတာတစ်ခုအထိဝင်ပြီး ထိန်းပေးနေရတာမျိုးတွေလည်း ရှိပါတယ်။ **ကျွန်တော်တို့အနေနဲ့ကတော့ အစိုးရက အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းပါတယ်။** ဝင်ထိန်းပေးမယ်ဆိုတာလည်း ဈေးကွက်ရဲ့ လွတ်လပ်မှုကို ထိန်းချုပ်လိုတဲ့သဘောမျိုးမဟုတ်ဘဲ အရင်းရှင်၊မြေရှင်ကြီးများ၊ အခွင့်ထူးခံများက လက်ဝါးကြီးအုပ် ခြယ်လှယ်တာမျိုးမဖြစ်ရအောင် ထိန်း

နောက်တစ်ချက်က တိုင်းပြည် တကယ်ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ စီးပွားရေးတကယ်အောင်မြင် မြင့်မားစေချင်တယ်ဆိုရင် စက်မှုကဏ္ဍကို အဓိကထားပြီး ဆောင်ရွက်ရပါမယ်။ ဒါကြောင့်တပ်မတော်အစိုးရက စက်မှုနိုင်ငံအဆင့်ကို လှမ်းတက်နိုင်ဖို့ တတ်စွမ်းသမျှကြိုးပမ်းဖော်ဆောင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ယခုအချိန်မှာ ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံရဲ့အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမယ့် အလားအလာကောင်းများကိုလည်း ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စက်မှုနိုင်ငံအဆင့် တက်လှမ်းနိုင်ဖို့ကြိုးပမ်းရာမှာ စိုက်ပျိုးရေးကဏ္ဍက ရရှိလာတဲ့ ခနအင်အားနှင့် ပြည်တွင်းပြည်ပ အရင်းအနှီးများကိုရယူပြီး ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်သွားဖို့ ရည်မှန်းထားပါတယ်။

❈ **ဒုတိယအင်အားကတော့ စီးပွားရေးအင်အားတောင့်တင်းအောင် ဆောင်ရွက်ဖို့ဖြစ်။ စီးပွားရေးအင်အား မတောင့်တင်းရင် သူတစ်ပါးရဲ့ အထင်အမြင်သေးမှု၊ နှိမ့်ချမှုကိုခံရမှာဖြစ်။ စီးပွားရေးဟာ နိုင်ငံရေးရဲ့ ကွင်းဆက်လည်းဖြစ်။**

❈ **ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဆိုပြီး အစိုးရအဆက်ဆက် စိုက်ပျိုးရေးကိုပဲ ဇောင်းပေးပြီးလုပ်ခဲ့ကြပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အတွက် စားရေရိက္ခာဖူလုံမှုရှိတဲ့အပြင် ပိုလျှံမှုလည်းရှိပါတယ်။ နောင်တိုးလာမယ့် လူဦးရေအတွက်လည်း စားနပ်ရိက္ခာအတွက် ပူပင်ကြောင့်ကြမှုမရှိရအောင် ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ စသည်ဖြင့် လယ်ယာကဏ္ဍ အခြေခံကောင်းတွေ ရှိနေပြီဖြစ်ပါတယ်။ သို့သော်လည်း စိုက်ပျိုးရေးနဲ့ ချမ်းသာကြွယ်ဝတဲ့နိုင်ငံဖြစ်မလာနိုင်တဲ့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ အလုပ်အကိုင်တွေပေါများပြီး လူတစ်ဦးချင်းဝင်ငွေတွေ တိုးပွားတဲ့နိုင်ငံဖြစ်အောင် စက်မှုနိုင်ငံထူထောင်ရပါမယ်။**

❈ **ဒါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ လက်ရှိ တိုးတက်မှုရှိနေတဲ့ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်။**

တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာအောင် အားပေးပံ့ပိုး ဆောင်ရွက်သွားဖို့လည်း ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ **တောင်သူလယ်သမား အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများ အစဉ်ခေတ်မီပြည့်စုံနေအောင် ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ သင့်တင့်သောဈေးနှုန်းရရှိရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားရေးတို့ကိုလည်း မြှင့်တင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အလုပ်သမားများနဲ့ တစ်နေ့စာ တစ်နေ့ရှာဖွေစားကြရတဲ့ လက်လုပ်လက်စားသမားများအတွက်လည်း အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပေါများရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး ခံစားခွင့်များရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အပြင် အခြားတစ်ဖက်ကလည်း အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို လက်ရှိဖြစ်ပေါ်နေတဲ့ လူနေမှုစရိတ်နဲ့ မျှတလိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးများသာမက ပြည်ပမှာလုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။** အချုပ်ပြောရရင် တောင်သူလယ်သမားနဲ့ အလုပ်သမားများဟာ နိုင်ငံတော်ရဲ့ အဓိကလူတန်းစားများဖြစ်တဲ့အတွက် လုပ်လျှင်လုပ်သလောက် အကျိုးခံစားခွင့်ရရှိအောင်၊ သင့်တင့်မျှတတဲ့ လူနေမှုဘဝကိုပိုင်ဆိုင်ပြီး နောင်ရေးအတွက် ပူပင်ကြောင့်ကြဖို့မလိုတဲ့ အဆင့်မျိုး ရောက်ရှိလာအောင် ကျွန်တော်တို့ အစိုးရအဖွဲ့က ကြိုးပမ်းဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

ကျွန်တော်တို့နိုင်ငံကို ခေတ်မီတဲ့၊ ဖွံ့ဖြိုးတဲ့၊ တိုးတက်တဲ့ ဒီမိုကရေစီ**နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်တဲ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်မှာဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

✪ **ကျွန်တော်တို့အနေနဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ပေါ်ပေါက်လာဖို့၊ နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာဖို့အတွက် အရှိန်မြှင့် ဆောင်ရွက်သွားကြရမှာဖြစ်သလို ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ မူဝါဒများကိုလည်း လိုအပ်သလိုပြင်ဆင်ချမှတ် ကျင့်သုံးဆောင်ရွက်သွားရမှာဖြစ်။**

✪ **ဈေးကွက်စီးပွားရေးဆိုရာမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံနဲ့ပြည်သူ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာ ဖိတ်ခေါ်ပြီး ပီပီပြင်ပြင်ဆောင်ရွက်သွားမယ့် ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါတယ်။ အဲဒီလိုပြုပြင်ပြောင်းလဲလုပ်ဆောင်ပြီး ဖြစ်ထွန်းသီးပွင့်လာတဲ့ အကျိုးစီးပွားများကိုလည်း အခြေခံလူတန်းစား အောက်ခြေအဆင့်အထိ ပြည်သူတစ်ရပ်လုံးဆီကို စီးဆင်းပျံ့နှံ့ ရောက်ရှိစေပြီး အသီးသီး မျှဝေခံစားနိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါ့မယ်။ အဲဒီလိုအောက်ခြေအထိ အကျိုးစီးပွားတွေစီးဆင်းပျံ့နှံ့ ခံစားနိုင်ပြီး ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် ရည်မှန်းကာ လိုအပ်တဲ့မူဝါဒတွေ၊ ဥပဒေတွေ ချမှတ်ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်။**

✪ **ကျွန်တော်တို့အနေနဲ့ကတော့ အစိုးရက အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းပါတယ်။**

✪ **အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ဝင်ရောက်ထိန်းကျောင်းမှုမျိုးသာ လုပ်သွားမှာဖြစ်တဲ့အပြင် တတ်နိုင်သမျှ ဝင်ရောက်စွက်ဖက်မှု၊ ထိန်းချုပ်မှုအနည်းဆုံးဖြစ်အောင် ရပ်တည်ဆောင်ရွက်သွားမှာဖြစ်။**

❍ **တောင်သူလယ်သမား အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများ အစဉ်ခေတ်မီပြည့်စုံနေအောင် ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ သင့်တင့်သော ဈေးနှုန်းရရှိရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေး မြင့်မားရေးတို့ကိုလည်း မြှင့်တင်လုပ်ဆောင်သွားမှာဖြစ်။**

❒ **စာမျက်နှာ ၄ မှ**

ပညာရေးကဏ္ဍမှာ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တိုင်းမှာ အဆင့်မြင့်ပညာများကို မိမိဒေသအတွင်းမှာပဲ သင်ယူနိုင်အောင် တက္ကသိုလ်၊ ကောလိပ်များရှိနေပြီဖြစ်ပါတယ်။ အခြေခံပညာအဆင့်မှာလည်း ကျေးလက်ဒေသများမှာ စာသင်ကျောင်းပေါင်းများစွာ ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိကျင့်သုံးနေတဲ့ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားမှာဖြစ်တဲ့အပြင် လက်ရှိဖွင့်လှစ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းကျောင်းများရဲ့ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများရဲ့ အရည်အချင်း မြင့်မားရေးနဲ့ ၎င်းတို့ရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနဲ့ အထက်တန်းကျောင်း တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း **နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ဖို့ ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များနဲ့လည်း ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍ ပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် ဆောင်ရွက်သွားပါ့မယ်။ ဒါ့အပြင် ပြည်ပမှာ အဆင့်မြင့်ပညာများကို သင်ယူလေ့လာနိုင်ဖို့အတွက် ပညာတော်သင်ဆုများ၊ ပြည်တွင်းမှာ ပညာရည်ထူးချွန်သူများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။**

ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ပြီးခဲ့တဲ့ဆယ်စုနှစ်နှစ်စုအတွင်း တိုးချဲ့ **ဖွင့်လှစ်ခဲ့တဲ့ ဆေးရုံကြီးများရဲ့ အရည်အသွေးနဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ အရည်အသွေး မြင့်မားရေးကို အလေးထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းများနဲ့ ကျန်းမာရေးလုပ်သားများရဲ့အရည်အသွေးနဲ့ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနဲ့လည်း ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး စနစ်တကျရှိစေရေးအတွက် လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ အနာဂတ်မှာ နိုင်ငံတော်၊ ပြည်သူနဲ့ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုကို ထူထောင်ပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။** အိတ်ချ်အိုင်ဗွီ၊ အေ့စ်၊ အဆုတ်ရောဂါနဲ့ ငှက်ဖျားစတဲ့ ရောဂါသုံးမျိုး ကာကွယ်ကုသရေးနဲ့ပတ်သက်ပြီး အမျိုးသားအဆင့်စီမံချက်များမှာလည်း နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ကျင့်သုံးနိုင်ရေးဟာလည်း ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ **ဥပဒေအရာမှာ နိုင်ငံသားအားလုံး တန်းတူခံစားခွင့်ရရှိအောင် အကာအကွယ်ပေးသွားမှာဖြစ်ပြီး တရားရေးမဏ္ဍိုင်ကိုလည်းခိုင်ခံ့အောင်တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုဟာ လူတစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတဲ့အတွက် ပြည်သူရဲ့ အကူအညီကိုရယူပြီး ထိရောက်စွာ တားဆီးသွားပါမယ်။** ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ တစ်နည်းအားဖြင့် လူ့အခွင့်အရေးများနဲ့ ပတ်သက်ပြီး အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်ဖို့အတွက် လေ့လာသုံးသပ်မှုများကို အမြန်ဆုံးပြုလုပ်ပြီး ဒီလေ့လာတွေ့ရှိချက်များအပေါ် အခြေခံကာ ပြည်ထောင်စုလွှတ်တော်အနေနဲ့လိုအပ်တဲ့ဥပဒေပြုရေးရာလုပ်ငန်းများ လုပ်ဆောင်နိုင်ဖို့အတွက် ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ဆောင်ရွက်ရမယ့် နောက်ထပ်တာဝန်တစ်ရပ်ကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပဲဖြစ်ပါတယ်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ရင် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာ ဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ ပြည်သူများနဲ့ ပရဟိတလူမှုအဖွဲ့အစည်းများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဲ့သို့သော နည်းပညာတွေကို ကုန်ကျစရိတ်သက်သာစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အလေးထား လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ရရှိပြီးဖြစ်တဲ့အခြေခံကောင်းများကို ဆက်ခံထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို သဟဇာတမျှတပြီး စည်းလုံးညီညွတ်တဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ဖို့၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အာမခံနိုင်ဖို့ဆိုတဲ့ ပြည်တွင်းရေးရာမူဝါဒများကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ကတိပြုပြောကြားအပ်ပါတယ် ခင်ဗျား။

ကျွန်တော်တင်ပြခဲ့တဲ့ ပြည်တွင်းရေးရာမူဝါဒများကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အောက်ဖော်ပြပါ ဥပဒေပြုရေးအစီအစဉ်များကို သက်ဆိုင်ရာ လွှတ်တော်များသို့ တင်သွင်းပြီး အကောင်အထည်ဖော်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်-

(၁) တည်ဆဲဥပဒေများမှ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆီလျော်သော အချက်များကို ပြန်လည်ပြင်ဆင်ခြင်း။

(၂) နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်မည့် ဥပဒေကြမ်းများ တင်သွင်းခြင်း။

(၃) ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းလစာများကို အခြေအနေ အချိန်အခါအရ ပြင်ဆင်သတ်မှတ်သည့် ဥပဒေကြမ်း ပြဋ္ဌာန်းခြင်း။

(၄) တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် ဥပဒေများ ပြုစုနိုင်ရေး လေ့လာခြင်း၊ လက်ရှိဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ပြန်လည်သုံးသပ်ခြင်း။

(၅) အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ပြန်လည်သုံးသပ်ခြင်း။

(၆) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးဥပဒေကို ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ရေးဆွဲ၍ ဥပဒေကြမ်းအဖြစ် တင်သွင်းခြင်း။

(၇) ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးအတွက် ဥပဒေကြမ်းများ ပြဋ္ဌာန်းခြင်း။

(၈) စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နဲ့ မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်း။

(၉) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ စက်မှုလက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ခြင်း။

(၁၀) ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့် အစီအမံများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခြင်း။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

ပြည်တွင်းရေးရာမူဝါဒအချို့နဲ့ ပတ်သက်လို့ တင်ပြအပြီးမှာ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်တင်ပြလိုပါတယ်။ **လွတ်လပ်ရေးရရှိချိန်ကစတင်ပြီး နိုင်ငံ့တာဝန်ကိုယူခဲ့တဲ့ အစိုးရအဆက်ဆက်ဟာ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများ၊ သဘောတရားရေးရာများမှာသာ ကွဲပြားခြားနားမှုရှိခဲ့ပေမယ့် နိုင်ငံခြားရေးမူဝါဒမှာတော့ ဘက်မလိုက်တဲ့၊ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နဲ့အညီ နိုင်ငံတကာဆက်ဆံရေးကို ကျင့်သုံးခြင်းများမှာ တူညီခဲ့ကြပါတယ်။** မည်သည့်နိုင်ငံကြီးရဲ့ ဩဇာကိုမှ မနာခံခဲ့တာ၊ နိုင်ငံတကာဆက်ဆံရေးမှာ မည်သည့်အုပ်စုဘက်ကမှ ပါဝင်ခဲ့ခြင်းမရှိခဲ့တာ၊ မည်သည့်နိုင်ငံက နိုင်ငံခြားတပ်ဖွဲ့ကိုမျှ မြန်မာ့မြေပေါ်မှာ အခြေချခွင့်မပြုခဲ့တာ၊ **မည်သည့်နိုင်ငံကိုမျှ ရန်စ ကျူးကျော်ခြင်း၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့တာ၊ နိုင်ငံတကာနဲ့ ဒေသတွင်း ငြိမ်းချမ်းရေး၊လုံခြုံရေးကို ထိပါးမှုမပြုခဲ့တာတို့ဟာ အစဉ်အဆက် မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ ဂုဏ်ယူစရာအချက်များပဲ ဖြစ်ပါတယ်။**

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း အဲဒီဂုဏ်ယူဖွယ်ရာ နိုင်ငံခြားရေးမူဝါဒ အစဉ်အလာများကိုပဲ မယိမ်းမယိုင် ဆက်ခံကျင့်သုံးသွားမှာဖြစ်ပြီး နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက် ဆက်ဆံသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံ၊ ဘင်းမ်စတက်နဲ့ အခြားဒေသတွင်း အဖွဲ့အစည်းများမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိတဲ့ ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ ထည်ထည်ဝါဝါ ရပ်တည်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ပီပီပြင်ပြင်ပေါ်ပေါက်လာတာ၊ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်တာကို မြင်လိုပါတယ်ဆိုတဲ့ နိုင်ငံအချို့အနေနဲ့လည်း ဒီနေ့ မြန်မာ့အရေး အပြုသဘော ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိအမှတ်ပြု လက်ခံပေးကြဖို့နဲ့ လက်ရှိကျင့်သုံးနေတဲ့ ဖိအားပေးမှုများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများဘက်မှ အားပေးထောက်ပံ့နေမှုများ၊ စီးပွားရေးအနိုင့်အထက်ပြုကျင့်မှုများကို အမြန်ဆုံးရပ်ဆိုင်းပြီး အခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာပြီဖြစ်တဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့သစ်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းကို ရွေးချယ်ဆောင်ရွက်သွားကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း ဖိတ်ခေါ်တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ◆

✳ **အလုပ်သမားများနဲ့ တစ်နေ့စာတစ်နေ့ ရှာဖွေစားကြရတဲ့ လက်လုပ်လက်စားသမားများအတွက်လည်း အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပေါများရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ လုပ်ငန်းခွင် သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး ခံစားခွင့်များရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အပြင် အခြားတစ်ဖက်ကလည်း အနိမ့်ဆုံးလစာ သတ်မှတ်ချက်ကို လက်ရှိဖြစ်ပေါ်နေတဲ့ လူနေမှုစရိတ်နဲ့ မျှတလိုက်လျောညီထွေ ဖြစ်အောင် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ပေးသွားမှာဖြစ်။**

✳ **ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးများ သာမက ပြည်ပမှာ လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့ အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးသွားမှာဖြစ်။**

❒ **ကျွန်တော်တို့နိုင်ငံကို ခေတ်မီတဲ့၊ ဖွံ့ဖြိုးတဲ့၊ တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်မှာဖြစ်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားအားပေးဆောင်ရွက်သွားရမှာပဲဖြစ်။**

❒ **နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ဖို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနဲ့လည်း ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်။**

❒ **တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍ ပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် ဆောင်ရွက်သွားပါ့မယ်။ ဒါ့အပြင် ပြည်ပမှာ အဆင့်မြင့်ပညာများကို သင်ယူလေ့လာနိုင်ဖို့အတွက် ပညာတော်သင်ဆုများ၊ ပြည်တွင်းမှာ ပညာရည်ထူးချွန်သူများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးသွားမှာဖြစ်။**

❂ **ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ပြီးခဲ့တဲ့ဆယ်စုနှစ်နှစ်စုအတွင်း တိုးချဲ့ဖွင့်လှစ်ခဲ့တဲ့ ဆေးရုံကြီးများရဲ့ အရည်အသွေးနဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ အရည်အသွေး မြင့်မားရေးကို အလေးထားလုပ်ဆောင်သွားမှာဖြစ်။ ဒါ့အပြင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများနဲ့ ကျန်းမာရေးလုပ်သားများရဲ့ အရည်အသွေးနဲ့ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ပေးသွားမှာဖြစ်။ ဒီလိုလုပ်နိုင်ဖို့အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနဲ့လည်း ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်။**

❂ **ဒါ့အပြင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး စနစ်တကျရှိစေရေးအတွက် လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ အနာဂတ်မှာ နိုင်ငံတော်၊ ပြည်သူနဲ့ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခုကိုထူထောင်ပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

❁ **ဥပဒေအရာမှာ နိုင်ငံသားအားလုံးတန်းတူခံစားခွင့်ရရှိအောင် အကာအကွယ်ပေးသွားမှာဖြစ်ပြီး တရားရေးမဏ္ဍိုင်ကိုလည်း ခိုင်ခံ့အောင်တည်ဆောက်ပေးသွားမှာဖြစ်။**

❁ **လာဘ်ပေးလာဘ်ယူမှုဟာ လူတစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတဲ့အတွက် ပြည်သူရဲ့ အကူအညီကိုရယူပြီး ထိရောက်စွာ တားဆီးသွားပါမယ်။**

◆ စာမျက်နှာ ၅ မှ

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

ဒီကနေ့ကစပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးနောက်ပိုင်းမှာ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍအားလုံးမှာ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ လုပ်ဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်ဖို့လိုအပ်သလို ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား၊ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်မှုများ ရရှိအောင် တည်ဆောက်ယူကြရဦးမှာဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်အဆင့်ဆင့်မှာ ပါဝင်လာတဲ့ ကိုယ်စားလှယ်များအကြားမှာလည်း ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုတွေကို တည်ဆောက်ကြရဦးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မူဝါဒလမ်းစဉ်(၇)ရပ်အပေါ် သံသယရှိနေသေးတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများကိုလည်း သူတို့ သံသယတွေပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပါဝင်ပူးပေါင်းလုပ်ဆောင်လာအောင် ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ စေတနာတွေကို ပြသနိုင်ဖို့လိုအပ်နေပါသေးတယ်။ အလားတူ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအပေါ် အပြုသဘော မမြင်နိုင်သေးတဲ့ နိုင်ငံအချို့ကိုလည်း ကျွန်တော်တို့သည် မြန်မာနိုင်ငံမှာဒီမိုကရေစီစနစ်ကိုမှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ကျင့်သုံးဖော်ဆောင်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်တယ်ဆိုတာကို သိမြင်နားလည်လက်ခံလာအောင် ပြသဖို့လိုပါသေးတယ်။

❁ **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်ရင် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာ ဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများလျှော့ချရေး၊ စက်ရုံသုံး စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်။**

❁ **ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်။**

ဒီမိုကရေစီစနစ်ကိုပြောင်းလဲရာမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့လိုသလို ပြည်သူလူထုအတွင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလုပ်ငန်းတွေကိုလုပ်ဆောင်တဲ့အခါ ကျွန်တော်တို့ အစိုးရအဖွဲ့ဟာ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်တဲ့ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။ မြန်မာနိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့အကျိုးစီးပွားကို လိုလားသူတိုင်းဟာ အခြေခံဥပဒေဘောင်ထဲကသာ နိုင်ငံနဲ့လူမျိုး အကျိုးဆောင်ရွက်ကြဖို့နဲ့ အခြေခံဥပဒေပြင်ပနည်းလမ်းများ ကျင့်သုံးပြီး လက်ရှိ ဒီမိုကရေစီဖော်ဆောင်မှုကို ပျက်ပြားအောင်၊ တရားဥပဒေစိုးမိုးမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်ခြင်းများ မပြုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ အခြေခံဥပဒေဘောင်အတွင်းက လုပ်ဆောင်မှု အားလုံးကို ကြိုဆိုမှာဖြစ်သလို အခြေခံဥပဒေပြင်ပက လုပ်ဆောင်မှုများ အားလုံးကိုလည်း လက်မခံဘဲ ထိုက်သင့်တဲ့တားဆီးကာကွယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

◆ **လွတ်လပ်ရေးရရှိချိန်ကစတင်ပြီး နိုင်ငံ့တာဝန်ကိုယူခဲ့တဲ့ အစိုးရအဆက်ဆက်ဟာ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများ၊ သဘောတရားရေးရာများမှာသာ ကွဲပြားခြားနားမှုရှိခဲ့ပေမယ့် နိုင်ငံခြားရေး မူဝါဒမှာတော့ ဘက်မလိုက်တဲ့၊ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ချက်နဲ့အညီ နိုင်ငံတကာဆက်ဆံရေးကို ကျင့်သုံးခြင်းများမှာ တူညီခဲ့ကြပါတယ်။**

◆ **မည်သည့်နိုင်ငံကိုမျှ ရန်စကျူးကျော်ခြင်း၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့တာ၊ နိုင်ငံတကာနဲ့ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးကို ထိပါးမှုမပြုခဲ့တာတို့ဟာ အစဉ်အဆက် မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ ဂုဏ်ယူစရာအချက်များပဲ ဖြစ်ပါတယ်။**

◆ **ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း အဲဒီဂုဏ်ယူဖွယ်ရာ နိုင်ငံခြားရေးမူဝါဒ အစဉ်အလာများကိုပဲ မယိမ်းမယိုင် ဆက်ခံကျင့်သုံးသွားမှာဖြစ်ပြီး နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက် ဆက်ဆံသွားမှာဖြစ်။**

● **ဒီမိုကရေစီစနစ်ကိုပြောင်းလဲရာမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့လိုသလို ပြည်သူလူထုအတွင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလုပ်ငန်းတွေကိုလုပ်ဆောင်တဲ့အခါ ကျွန်တော်တို့ အစိုးရအဖွဲ့ဟာ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်တဲ့ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြု ပြောကြားလိုပါတယ်။**

● **မြန်မာနိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့အကျိုးစီးပွားကို လိုလားသူတိုင်းဟာ အခြေခံဥပဒေဘောင်ထဲကသာ နိုင်ငံနဲ့လူမျိုး အကျိုး ဆောင်ရွက်ကြဖို့နဲ့ အခြေခံဥပဒေပြင်ပနည်းလမ်းများ ကျင့်သုံးပြီး လက်ရှိ ဒီမိုကရေစီဖော်ဆောင်မှုကို ပျက်ပြားအောင်၊ တရားဥပဒေစိုးမိုးမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်ခြင်းများ မပြုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။**

ဒီမိုကရေစီဟာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နဲ့တွဲဖက်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အစမှာ တာဝန်ယူရတဲ့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

မြန်မာနိုင်ငံမှာ တာဝန်သိမှုနှင့်လွတ်လပ်မှုကို ဟန်ချက်ညီညီကျင့်သုံးနိုင်တဲ့ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ဖော်ဆောင်နိုင်ရေးတာဝန်ဟာ ကျွန်တော်တို့ အားလုံးရဲ့ ပခုံးပေါ်ကို ဒီနေ့ ကျရောက်လာခဲ့ပါပြီ။ ပြည်သူများက ဒီတာဝန်ကို ထမ်းဆောင်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအပေါ် ယုံယုံကြည်ကြည် အပ်နှင်းခဲ့ကြပြီးဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း အုပ်ချုပ်ရေးမဏ္ဍိုင်ကိုတာဝန်ယူဖို့အတွက် ကျွန်တော်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ယုံယုံကြည်ကြည်နဲ့ အတည်ပြုအပ်နှင်းခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီလို အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ဟာ အားလုံးနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးပါတီများအနေနဲ့လည်း လွှတ်တော်အတွင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ သဘောထားအမြင်များ ကွဲပြားကောင်း ကွဲပြားမှာဖြစ်သော်လည်း အမျိုးသားအကျိုးစီးပွားကို တူညီတဲ့လုပ်ငန်းအဖြစ်ခံယူပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ အကြံပြုလိုပါတယ်။ ထို့အတူ နိုင်ငံရေးပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အများစု၏ဆန္ဒကို လိုက်နာခြင်း၊ အနည်းစုရဲ့ဆန္ဒကို အလေးထားခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ အပြန်အလှန် အလေးထားဆက်ဆံသွားကြဖို့ တိုက်တွန်းလိုပါတယ်။ **အထူးသဖြင့် မြန်မာ့နိုင်ငံရေးမှာ အစဉ်အလာလိုဖြစ်နေတဲ့ အစိုးရနဲ့အတိုက်အခံဆိုတဲ့ ပဋိပက္ခ အသွင်ဆောင်တဲ့ အမြင်သဘောထားများကို ကိုင်စွဲခြင်းမပြုဘဲ အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားလက်တွဲ ဆောင်ရွက်သွားကြဖို့လည်း အားလုံးကို တိုက်တွန်းလိုပါတယ်။**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့အတွက်ဆိုရင် အစိုးရရဲ့ အာဏာစက်ဟာ တိုင်းပြည်အနှံ့ ပျံ့နှံ့လွှမ်းခြုံ သက်ဝင်နေရမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ အာဏာတည်သလို နိုင်ငံတကာ နယ်ပယ်မှာလည်း လေးစားခန့်ညားလောက်တဲ့ အဆင့်အတန်းမျိုး ပိုင်ဆိုင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရအုပ်ချုပ်ရေးယန္တရား တစ်ခုလုံးကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ မွမ်းမံပြင်ဆင်မှုတွေပြုလုပ်ရင်း တစ်ဖက်ကလည်း ခိုင်မာအားကောင်းတဲ့ အစိုးရတစ်ရပ်အဖြစ် ပိုင်ပိုင်နိုင်နိုင် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဟာ ၁၉၈၈ ခုနှစ်ကနေ ဒီကနေ့အထိကာလအတွင်း အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်မယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ ဆက်လက်တည်ဆောက်ရမယ့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ခိုင်ခိုင်မာမာတည်ဆောက်ပေးခဲ့တဲ့ ပြည်သူများ၊ တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ပြည်ထောင်စုလွှတ်တော်ကလည်း ဒီလုပ်ဆောင်ချက်များကို အလေးထားမှတ်တမ်းတင်ပေးဖို့ တိုက်တွန်းအပ်ပါတယ် ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ကို တစ်ခဲနက်ထောက်ခံရွေးချယ် တာဝန်ပေးအပ်လိုက်တဲ့ ပြည်သူလူထုရဲ့ အဆုံးအဖြတ်အပေါ် တန်ဖိုးထားလေးစားပြီး နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်များကို ဦးဆွေးဆံမြည့် ထမ်းရွက်သယ်ပိုးရင်း နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်ဘဝ သာယာလှပအောင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ရေရှည်တည်တံ့ရှင်သန်အောင် ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးပမ်းမြှင့်တင်စွမ်းဆောင်သွားပါမယ်လို့ ကတိပြုပြောကြားရင်း တစ်ဖက်ကလည်း ကျွန်တော်တို့နဲ့အတူ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်တိုင်းပြည်အတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြပါလို့ ဖိတ်ခေါ်တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

■ **အထူးသဖြင့် မြန်မာ့နိုင်ငံရေးမှာ အစဉ်အလာလိုဖြစ်နေတဲ့ အစိုးရနဲ့အတိုက်အခံဆိုတဲ့ ပဋိပက္ခ အသွင်ဆောင်တဲ့ အမြင်သဘောထားများကို ကိုင်စွဲခြင်းမပြုဘဲ အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားလက်တွဲ ဆောင်ရွက်သွားကြဖို့လည်း အားလုံးကို တိုက်တွန်းလိုပါတယ်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ကြေညာချက်များ ထုတ်ပြန်

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၁/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)နှင့်(ခ)တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးသိန်းစိန်	နိုင်ငံတော်သမ္မတ
(၂)	သီဟသူရဦးတင်အောင်မြင့်ဦး	ဒုတိယသမ္မတ
(၃)	ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်း	ဒုတိယသမ္မတ
(၄)	ဗိုလ်ချုပ်လှမင်း	ဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၅)	ဒုတိယဗိုလ်ချုပ်ကြီးကိုကို	ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၆)	ဗိုလ်ချုပ်သိန်းဌေး	ဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၇)	ဦးဝဏ္ဏမောင်လွင်	ဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန
(၈)	ဦးကျော်ဆန်း	ဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(၉)	ဦးမြင့်လှိုင်	ဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၁၀)	ဦးဝင်းထွန်း	ဝန်ကြီး သစ်တောရေးရာဝန်ကြီးဌာန
(၁၁)	ဦးလှထွန်း	ဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၁၂)	ဦးခင်မောင်မြင့်	ဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၃)	ဦးတင်နိုင်သိန်း	ဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(၁၄)	ဦးဝင်းမြင့်	ဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(၁၅)	ဦးသိန်းထွန်း	ဝန်ကြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(၁၆)	ဦးအောင်ကြည်	ဝန်ကြီး အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
(၁၇)	ဦးသိန်းထိုက်	ဝန်ကြီး သတ္တုတွင်းဝန်ကြီးဌာန
(၁၈)	ဦးအုန်းမြင့်	ဝန်ကြီး သမဝါယမဝန်ကြီးဌာန
(၁၉)	ဦးဉာဏ်ထွန်းအောင်	ဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန
(၂၀)	ဦးတင့်ဆန်း	ဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန
(၂၁)	ဦးကျော်စွာခိုင်	ဝန်ကြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန
(၂၂)	ဦးစိုးသိန်း	ဝန်ကြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၂၃)	ဦးအောင်မင်း	ဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(၂၄)	ဦးသန်းဌေး	ဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန
(၂၅)	ဦးဇော်မင်း	ဝန်ကြီး အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(၂၆)	ဦးခင်မောင်စိုး	ဝန်ကြီး အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(၂၇)	ဒေါက်တာမြအေး	ဝန်ကြီး ပညာရေးဝန်ကြီးဌာန
(၂၈)	ဒေါက်တာဖေသက်ခင်	ဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန
(၂၉)	သူရဦးမြင့်မောင်	ဝန်ကြီး သာသနာရေးဝန်ကြီးဌာန
(၃၀)	ဦးအေးမြင့်	ဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(၃၁)	ဦးခင်ရီ	ဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၃၂)	ဦးသိန်းညွန့်	ဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန
(၃၃)	ဦးစိုးမောင်	ဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန
(၃၄)	ဒေါက်တာထွန်းရှင်	ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး
(၃၅)	ညွှန်ကြားရေးမှူးချုပ် အစိုးရအဖွဲ့ရုံး	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၂/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးသိန်းစိန်	နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(၂)	သီဟသူရဦးတင်အောင်မြင့်ဦး	ဒုတိယသမ္မတ	ဒုတိယဥက္ကဋ္ဌ
(၃)	ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်း	ဒုတိယသမ္မတ	ဒုတိယဥက္ကဋ္ဌ
(၄)	ဒေါက်တာထွန်းရှင်	ပြည်ထောင်စုရှေ့နေချုပ်	အဖွဲ့ဝင်
(၅)	ဦးလွန်းမောင်	ပြည်ထောင်စုစာရင်းစစ်ချုပ်	အဖွဲ့ဝင်
(၆)	ဦးလဂွျန်ငန်ဆိုင်း	ဝန်ကြီးချုပ် ကချင်ပြည်နယ်	အဖွဲ့ဝင်
(၇)	ဦးခင်မောင်ဦး(ခ)ဦးဘူးရယ်	ဝန်ကြီးချုပ် ကယားပြည်နယ်	အဖွဲ့ဝင်
(၈)	ဗိုလ်မှူးချုပ်ဇော်မင်း	ဝန်ကြီးချုပ် ကရင်ပြည်နယ်	အဖွဲ့ဝင်
(၉)	ဦးဟုန်းငိုင်း	ဝန်ကြီးချုပ် ချင်းပြည်နယ်	အဖွဲ့ဝင်
(၁၀)	ဦးအုန်းမြင့်	ဝန်ကြီးချုပ် မွန်ပြည်နယ်	အဖွဲ့ဝင်
(၁၁)	ဦးလှမောင်တင်	ဝန်ကြီးချုပ် ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(၁၂)	ဦးအောင်မြတ်(ခ) စဝ်အောင်မြတ်	ဝန်ကြီးချုပ် ရှမ်းပြည်နယ်	အဖွဲ့ဝင်
(၁၃)	ဦးသာအေး	ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၄)	ဦးဘုန်းမော်ရွှေ	ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၅)	ဦးရဲမြင့်	ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၆)	ဦးဉာဏ်ဝင်း	ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၇)	ဦးခင်ဇော်	ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၈)	ဦးမြင့်ဆွေ	ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး	အဖွဲ့ဝင်
(၁၉)	ဦးသိန်းအောင်	ဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီး	အဖွဲ့ဝင်
(၂၀)	ဦးသိန်းညွန့်	ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ	အဖွဲ့ဝင်
(၂၁)	ဦးလှထွန်း	ဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၃/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၇ တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးထွန်းထွန်းဦး	ပြည်ထောင်စုတရားသူကြီးချုပ်
(၂)	ဦးသာဌေး	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
(၃)	ဦးစိုးညွန့်	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
(၄)	ဦးမြသိမ်း	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
(၅)	ဦးမြင့်အောင်	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
(၆)	ဦးအောင်ဇော်သိန်း	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး
(၇)	ဦးမြင့်ဟန်	ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၄/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၃ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးသိန်းစိုး	ဥက္ကဋ္ဌ
(၂)	ဒေါက်တာတင်အောင်အေး	အဖွဲ့ဝင်
(၃)	ဒေါ်ခင်လှမြင့်	အဖွဲ့ဝင်
(၄)	ဦးထွန်းကြည်	အဖွဲ့ဝင်
(၅)	ဦးစိုးသိန်း	အဖွဲ့ဝင်
(၆)	ဦးခင်ထွန်း	အဖွဲ့ဝင်
(၇)	ဦးဆန်းမြင့်	အဖွဲ့ဝင်
(၈)	ဦးမြင့်ကြိုင်	အဖွဲ့ဝင်
(၉)	ဒေါ်မိမိရီ	အဖွဲ့ဝင်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၅/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င)တို့အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးတင်အေး	ဥက္ကဋ္ဌ
(၂)	ဦးမြင့်နိုင်	အဖွဲ့ဝင်
(၃)	ဦးအောင်မြင့်	အဖွဲ့ဝင်
(၄)	ဦးသာဦး	အဖွဲ့ဝင်
(၅)	ဒေါက်တာဒေါ်မြင့်ကြည်	အဖွဲ့ဝင်
(၆)	ဦးဝင်းကြည်	အဖွဲ့ဝင်
(၇)	ဦးညွန့်တင်	အဖွဲ့ဝင်
(၈)	ဦးဝင်းကို	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၆/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၄ တို့အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁)	ဦးကျော်သူ	ဥက္ကဋ္ဌ
(၂)	ဦးခင်မောင်အေး	အဖွဲ့ဝင်
(၃)	ဒေါက်တာဝင်းမြင့်	အဖွဲ့ဝင်
(၄)	ဒေါက်တာမြင့်အောင်	အဖွဲ့ဝင်
(၅)	ဒေါက်တာကျော်ကျော်ငွေး	အဖွဲ့ဝင်
(၆)	ဦးစိုးဦး	အဖွဲ့ဝင်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၇/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နေပြည်တော်ကောင်စီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၁နှင့် နေပြည်တော်ကောင်စီ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)တို့အရ နေပြည်တော်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဦးသိန်းညွန့်	ဥက္ကဋ္ဌ
(ခ)	ဦးသန်းငွေ	ကောင်စီဝင်
(ဂ)	ဦးသန်းအောင်	ကောင်စီဝင်
(ဃ)	ဗိုလ်မှူးကြီးမြင့်အောင်သန်း	ကောင်စီဝင်
(င)	ဦးကံချွန်	ကောင်စီဝင်
(စ)	ဒေါက်တာပိုင်စိုး	ကောင်စီဝင်
(ဆ)	ဦးစောလှ	ကောင်စီဝင်
(ဇ)	ဦးမြင့်ဆွေ	ကောင်စီဝင်
(ဈ)	ဦးမြင့်ရွှေ	ကောင်စီဝင်
(ည)	ဦးမျိုးညွန့်	ကောင်စီဝင်

၂။ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အရ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်များ ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(ကြေညာချက်အမှတ် ၈/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည် ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် (၈/၂၀၁၁) အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းတာဝန်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသို့လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းတာဝန်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသို့ လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလုပ်ငန်းတာဝန်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့လည်းကောင်း လွှဲပြောင်းပေးခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ခရိုင်အဆင့်အုပ်ချုပ်ရေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ လည်းကောင်း၊ မြို့နယ်အဆင့်အုပ်ချုပ်ရေးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှလည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ လည်းကောင်း ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက (အမိန့်အမှတ် ၁/၂၀၁၁) မှ (အမိန့်အမှတ် ၂၄/၂၀၁၁) ထိ ထုတ်ပြ

ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၆ တို့အရ ဦးထွန်းထွန်းဦးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၂/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၀ တို့အရ ဦးသိန်းစိုးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)တို့အရ ဦးတင်အေးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၄/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်-

(၁)	ဗိုလ်ချုပ်လှမင်း	ဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၂)	ဒုတိယဗိုလ်ချုပ်ကြီးကိုကို	ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်သိန်းငွေ	ဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၄)	ဦးဝဏ္ဏမောင်လွင်	ဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန
(၅)	ဦးကျော်ဆန်း	ဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(၆)	ဦးမြင့်လှိုင်	ဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၇)	ဦးဝင်းထွန်း	ဝန်ကြီး သစ်တောရေးရာဝန်ကြီးဌာန
(၈)	ဦးလှထွန်း	ဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၉)	ဦးခင်မောင်မြင့်	ဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၀)	ဦးတင်နိုင်သိန်း	ဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(၁၁)	ဦးဝင်းမြင့်	ဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၁၂)	ဦးသိန်းထွန်း	
(၁၃)	ဦးအောင်ကြည်	
(၁၄)	ဦးသိန်းထိုက်	
(၁၅)	ဦးအုန်းမြင့်	
(၁၆)	ဦးညဏ်ထွန်းအောင်	
(၁၇)	ဦးတင့်ဆန်း	
(၁၈)	ဦးကျော်စွာခိုင်	
(၁၉)	ဦးစိုးသိန်း	
(၂၀)	ဦးအောင်မင်း	
(၂၁)	ဦးသန်းငွေ	
(၂၂)	ဦးဇော်မင်း	
(၂၃)	ဦးခင်မောင်စိုး	
(၂၄)	ဒေါက်တာမြအေး	
(၂၅)	ဒေါက်တာဖေသက်ခင်	
(၂၆)	သူရဦးမြင့်မောင်	
(၂၇)	ဦးအေးမြင့်	
(၂၈)	ဦးခင်ရီ	
(၂၉)	ဦးသိန်းညွန့်	
(၃၀)	ဦးစိုးမောင်	

ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၅/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၅ တို့အရ ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုသမ္မတမြ
နိုင်ငံတော်သ
(အမိန့်အမှတ်
၁၃၇၂ ခုနှစ်၊ တပေါင်းလပြ
(၂၀၁၁ ခုနှစ်၊ မတ်

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
၂၄၂၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအ
ပုဒ်မခွဲငယ် (၄) နှင့် ပြည်ထောင်စုစာရ
ဦးလွန်းမောင်အား ပြည်ထောင်စုစာရင်း
လိုက်သည်။

ပြည်

ငံတော်သမ္မတရုံးက
၁၁) ထိ ထုတ်ပြန်ကြေညာ

(၁၂) ဦးသိန်းထွန်း — ဝန်ကြီး
ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

(၁၃) ဦးအောင်ကြည် — ဝန်ကြီး
အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၄) ဦးသိန်းထိုက် — ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

(၁၅) ဦးအုန်းမြင့် — ဝန်ကြီး
သမဝါယမဝန်ကြီးဌာန

(၁၆) ဦးညဏ်ထွန်းအောင် — ဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(၁၇) ဦးတင့်ဆန်း — ဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန

(၁၈) ဦးကျော်စွာခိုင် — ဝန်ကြီး
အမှတ်(၁)စက်မှုဝန်ကြီးဌာန

(၁၉) ဦးစိုးသိန်း — ဝန်ကြီး
အမှတ်(၂)စက်မှုဝန်ကြီးဌာန

(၂၀) ဦးအောင်မင်း — ဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၂၁) ဦးသန်းဌေး — ဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(၂၂) ဦးဇော်မင်း — ဝန်ကြီး
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၂၃) ဦးခင်မောင်စိုး — ဝန်ကြီး
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၂၄) ဒေါက်တာမြအေး — ဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၂၅) ဒေါက်တာဖေသက်ခင် — ဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၂၆) သူရဦးမြင့်မောင် — ဝန်ကြီး
သာသနာရေးဝန်ကြီးဌာန

(၂၇) ဦးအေးမြင့် — ဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၂၈) ဦးခင်ရီ — ဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၂၉) ဦးသိန်းညွန့် — ဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန

(၃၀) ဦးစိုးမောင် — ဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၆/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄) နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၅ တို့အရ ဦးလွန်းမောင်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၇/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၅)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့အရ ဦးကျော်သူအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၈/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီ ဥပဒေပုဒ်မ ၄ တို့အရ ဦးသိန်းညွန့်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၉/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တို့အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁)	ဦးလဂျွန်ငန်ဆိုင်း	ကချင်ပြည်နယ်
(၂)	ဦးခင်မောင်ဦး(ခ)ဦးဘူးရယ်	ကယားပြည်နယ်
(၃)	ဗိုလ်မှူးချုပ်ဇော်မင်း	ကရင်ပြည်နယ်
(၄)	ဦးဟုန်းငိုင်း	ချင်းပြည်နယ်
(၅)	ဦးအုန်းမြင့်	မွန်ပြည်နယ်
(၆)	ဦးလှမောင်တင်	ရခိုင်ပြည်နယ်
(၇)	ဦးအောင်မြတ်(ခ)စဝ်အောင်မြတ်	ရှမ်းပြည်နယ်
(၈)	ဦးသာအေး	စစ်ကိုင်းတိုင်းဒေသကြီး
(၉)	ဦးဘုန်းမော်ရွှေ	မကွေးတိုင်းဒေသကြီး
(၁၀)	ဦးရဲမြင့်	မန္တလေးတိုင်းဒေသကြီး
(၁၁)	ဦးညဏ်ဝင်း	ပဲခူးတိုင်းဒေသကြီး
(၁၂)	ဦးခင်ဇော်	တနင်္သာရီတိုင်းဒေသကြီး
(၁၃)	ဦးမြင့်ဆွေ	ရန်ကုန်တိုင်းဒေသကြီး
(၁၄)	ဦးသိန်းအောင်	ဧရာဝတီတိုင်းဒေသကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၀/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၅ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးသာဌေး
(၂) ဦးမြသိမ်း
(၃) ဦးစိုးညွန့်
(၄) ဦးမြင့်အောင်
(၅) ဦးအောင်ဇော်သိန်း
(၆) ဦးမြင့်ဟန်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၇)နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၀ တို့အရ အောက်ပါပုဂ္ဂိုလ်များအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဒေါက်တာတင်အောင်အေး
(၂) ဒေါ်ခင်လှမြင့်
(၃) ဦးထွန်းကြည်
(၄) ဦးစိုးသိန်း
(၅) ဦးခင်ထွန်း
(၆) ဦးဆန်းမြင့်
(၇) ဦးမြင့်ကြိုင်
(၈) ဒေါ်မိမိရီ

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၂/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၈) တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်နိုင်
(၂) ဦးအောင်မြင့်
(၃) ဦးသာဦး
(၄) ဒေါက်တာဒေါ်မြင့်ကြည်
(၅) ဦးဝင်းကြည်
(၆) ဦးညွန့်တင်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၃-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၈။ အကပဒေသာ
၈း၃၀ ၉။ အတီးပြိုင်ပွဲ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ "လူကူးမျဉ်းကျားမှကူးမယ်"
၅း၁၅ ၈။ တေးဂီတအစီအစဉ်
၅း၂၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၃၀ ၁၀။ "အက္ခရာများက ပြောသောစကား"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ **ပျော်ရွှင်စေသော နေ့ရက်များ "ကော်ဖီချစ်သူ" (အပိုင်း-၄၆) (ကိုရဲ၊ ကိုလင်း၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၂၁)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်**
၂၀။ **"အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၂၀)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၅)**
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၄၈)**
၂၃။ အစီအစဉ်ပြီး၏။

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၃/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာန အသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဗိုလ်ချုပ်ကျော်ညွန့်	ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၂)	ဗိုလ်မှူးကြီးအောင်သော်	ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၃)	ဗိုလ်မှူးချုပ်ကျော်ဇံမြင့်	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၄)	ဗိုလ်ချုပ်ဇော်ဝင်း	ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန
(၅)	ဦးမောင်မြင့်	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန
(၆)	ဒေါက်တာမျိုးမြင့်	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန
(၇)	ဦးစိုးဝင်း	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန
(၈)	ဦးအုန်းသန်း	ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၉)	ဦးခင်ဇော်	ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၁၀)	ဦးဝင်းသန်း	ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၁၁)	ဦးစိုးတင့်	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၂)	ဦးကျော်လွင်	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၃)	ဒေါက်တာကံဇော်	ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(၁၄)	ဒေါက်တာပွင့်ဆန်း	ဒုတိယဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၁၅)	ဦးတင့်လွင်	ဒုတိယဝန်ကြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(၁၆)	ဦးဘုန်းဆွေ	ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၁၇)	ဦးသန်းထွန်း	ဒုတိယဝန်ကြီး သမဝါယမဝန်ကြီးဌာန
(၁၈)	ဦးမြင့်သိန်း	ဒုတိယဝန်ကြီး အလုပ်သမားဝန်ကြီးဌာန
(၁၉)	ဦးဝင်းရှိန်	ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန
(၂၀)	ဦးဌေးအောင်	ဒုတိယဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန
(၂၁)	ဦးသိန်းအောင်	ဒုတိယဝန်ကြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန
(၂၂)	ဦးမျိုးအောင်	ဒုတိယဝန်ကြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၂၃)	သူရဦးသောင်းလွင်	ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(၂၄)	ဦးသန့်ရှင်း	ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(၂၅)	ဦးစိုးအောင်	ဒုတိယဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန
(၂၆)	ဦးမြင့်ဇော်	ဒုတိယဝန်ကြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂၇)	ဦးအောင်သန်းဦး	ဒုတိယဝန်ကြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂၈)	ဦးအေးကြူ	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန
(၂၉)	ဦးဘရွှေ	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန
(၃၀)	ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန
(၃၁)	ဒေါက်တာဝင်းမြင့်	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန
(၃၂)	ဒေါ်စန္ဒာခင်	ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန
(၃၃)	ဒေါက်တာ မောင်မောင်ဌေး	ဒုတိယဝန်ကြီး သာသနာရေးဝန်ကြီးဌာန
(၃၄)	ဒေါက်တာကိုကိုဦး	ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(၃၅)	ဦးကျော်ကျော်ဝင်း	ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၃၆)	ဦးအေးမြင့်ကြူ	ဒုတိယဝန်ကြီး အားကစားဝန်ကြီးဌာန
(၃၇)	ဦးဟန်စိန်	ဒုတိယဝန်ကြီး မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၃၈)	ဦးချန်မောင်	ဒုတိယဝန်ကြီး မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၃၉)	ဦးခင်မောင်အေး	ဒုတိယဝန်ကြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၄/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၉၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၆ တို့အရ ဦးထွန်းထွန်းဦးအား ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၅/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၄၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၁)နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၆ တို့အရ ဦးမျိုးမြင့်အား ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၆/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးခင်မောင်အေး	အဖွဲ့ဝင်
(၂)	ဒေါက်တာဝင်းမြင့်	အဖွဲ့ဝင်
(၃)	ဒေါက်တာမြင့်အောင်	အဖွဲ့ဝင်
(၄)	ဒေါက်တာကျော်ကျော်ဌေး	အဖွဲ့ဝင်
(၅)	ဦးစိုးဦး	အဖွဲ့ဝင်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၇/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီ ဥပဒေပုဒ်မ ၄ တို့အရ အောက်ပါပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးသန်းဌေး
(၂)	ဦးသန်းအောင်
(၃)	ဗိုလ်မှူးကြီးမြင့်အောင်သန်း
(၄)	ဦးကံချွန်
(၅)	ဒေါက်တာပိုင်စိုး
(၆)	ဦးစောလှ
(၇)	ဦးမြင့်ဆွေ
(၈)	ဦးမြင့်ရွှေ
(၉)	ဦးမျိုးညွန့်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၈/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်
တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က သဘောတူညီသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးတူးဂျာ	ကချင်ပြည်နယ်
(၂)	ဦးတင်ဝင်း	ကယားပြည်နယ်
(၃)	ဦးစောစံလင်း	ကရင်ပြည်နယ်
(၄)	ဦးဝင်းမြင့်ကျော်	ချင်းပြည်နယ်
(၅)	ဦးခင်မောင်ကြီး	မွန်ပြည်နယ်
(၆)	ဦးကျောက်	ရခိုင်ပြည်နယ်
(၇)	ဦးကွယ်ကွယ်	ရှမ်းပြည်နယ်
(၈)	ဦးစန်းကို	စစ်ကိုင်းတိုင်းဒေသကြီး
(၉)	ဦးစိန်ထွန်း	မကွေးတိုင်းဒေသကြီး
(၁၀)	ဦးစိုးသိန်း	မန္တလေးတိုင်းဒေသကြီး
(၁၁)	ဦးမောင်မောင်ရွှေ	ပဲခူးတိုင်းဒေသကြီး
(၁၂)	ဦးမြင့်ဝင်း	တနင်္သာရီတိုင်းဒေသကြီး
(၁၃)	ဦးဝင်းဆွေ	ရန်ကုန်တိုင်းဒေသကြီး
(၁၄)	ဦးမြင့်သိန်း	ဧရာဝတီတိုင်းဒေသကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၁၉/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၁၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကချင်ပြည်နယ်

(က)	ဗိုလ်မှူးကြီးသန်းအောင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးညွန့်အောင်	စီးပွားရေးဝန်ကြီးဌာန
(ဂ)	ဦးဘီထောဇောင်း	စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
(ဃ)	ဦးအလေးပါး	စည်ပင်သာယာရေး ဝန်ကြီးဌာန
(င)	ဦးကမန်းဒူးနော်	လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(စ)	ဦးအောင်နိုင်	သတ္တုတွင်းဝန်ကြီးဌာန
(ဆ)	ဦးစိုင်းမောင်ရွှေ	စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးခင်မောင်ထွန်း	ကျန်းမာရေးဝန်ကြီးဌာန
(ဈ)	ဒေါ်ဘောက်ဂျာ	ပညာရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန

(၂) ကယားပြည်နယ်

(က)	ဗိုလ်မှူးကြီးတင်စိုး	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးတော့ရယ်	စီမံ/စီးပွားဝန်ကြီးဌာန
(ဂ)	ဦးသန်းကျော်စိုး	ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန
(ဃ)	ဦးရဲဝင်း	စီးပွားရေးဝန်ကြီးဌာန
(င)	ဦးစောဟူးဟူး	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(စ)	ဦးကိုးရယ်	လူမှုရေးဝန်ကြီးဌာန
(ဆ)	ဦးချစ်လှ	ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
(ဇ)	ဦးပိုးရယ်ရန်အောင်	ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဈ)	ဦးအောင်နိုင်ဦး	ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ကရင်ပြည်နယ်

(က)	ဗိုလ်မှူးကြီးအောင်လွင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးချစ်လှိုင်	စီးပွားရေးဝန်ကြီးဌာန
(ဂ)	ဦးစောခင်မောင်မြင့်	ပို့ဆောင်/လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန
(ဃ)	ဦးမင်းစိုးသိန်း(ခ) နိုင်မင်းစိုးသိန်း	စွမ်းအင်ဝန်ကြီးဌာန
(င)	ဦးစောခရစ္စတိုဖာ	လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(စ)	ဦးစောဆာလောလ	သတ္တုတွင်းဝန်ကြီးဌာန
(ဆ)	ဦးသံဒိုင်	စက်မှု/ဆက်သွယ်ရေး ဝန်ကြီးဌာန
(ဇ)	ဦးစောဝင်းထိန်	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(ဈ)	ဦးစောကြည်လင်း	သစ်တောဝန်ကြီးဌာန

(၄) ချင်းပြည်နယ်

(က)	ဗိုလ်မှူးကြီးဇော်မင်းဦး	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးနန်ဇမုန်	ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန
(ဂ)	ဦးရမ်မန်း	စီးပွားရေးဝန်ကြီးဌာန
(ဃ)	ဦးဗန်ထောင်း	စိုက်ပျိုးရေးဝန်ကြီးဌာန
(င)	ဦးကျော်ငြိမ်း	စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောဝန်ကြီးဌာန
(စ)	ဦးကျင့်လျန်ပေါင်	ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာဘမောင်	လူမှုရေးဝန်ကြီးဌာန
(ဇ)	ဦးနိန်ခိုင်း	စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် စက်မှုလက်မှုဝန်ကြီးဌာန

(၅) မွန်ပြည်နယ်

(က)	ဗိုလ်မှူးကြီးငွေမြင့်အောင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဒေါက်တာခင်မောင်သွင်	စီးပွားရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာတိုးတိုးအောင်	စက်မှုဝန်ကြီးဌာန
(ဃ)	ဒေါက်တာလှဦး	ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(င)	ဦးမျိုးညွန့်	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(စ)	ဦးဝင်းမော်ဦး	သစ်တောဝန်ကြီးဌာန
(ဆ)	ဦးထွန်းလှိုင်	သာသနာရေးနှင့် အလုပ်သမားဝန်ကြီးဌာန
(ဇ)	နိုင်လဝီအောင်(ခ) ဦးနိုင်မြင့်ဆွေ	စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဈ)	ဒေါက်တာမင်းနွယ်စိုး	လူမှုရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) ရခိုင်ပြည်နယ်

(က)	ဗိုလ်မှူးကြီးထိန်လင်း	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးကျော်ခင်	လယ်ယာ/သစ်တောနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ဂ)	ဒေါက်တာအောင်ကျော်မင်း	ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာန
(ဃ)	ဦးမြအောင်	စီးပွားရေးဝန်ကြီးဌာန
(င)	ဦးစိုးအေး	ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
(စ)	ဦးသာလူချေ	စက်မှု၊ အလုပ်သမား၊ အားကစားဝန်ကြီးဌာန
(ဆ)	ဦးကျော်သိန်း	သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန
(ဇ)	ဦးအောင်သန်းတင်	ယဉ်ကျေးမှုနှင့် လူမှုကယ်ဆယ်ဝန်ကြီးဌာန
(ဈ)	ဦးလှဟန်	သာသနာရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန

(၇) ရှမ်းပြည်နယ်

(က)	ဗိုလ်မှူးကြီးအောင်သူ	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးခွန်သိန်းမောင်	စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ)	ဦးသောင်းရွှေ	စီးပွားရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာမျိုးထွန်း	ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(င)	ဦးတူးမောင်	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(စ)	ဦးစိုင်းအိုက်ပေါင်း	စက်မှုနှင့် သတ္တုဝန်ကြီးဌာန
(ဆ)	ဦးစိုင်းဆာလူ	လယ်ယာနှင့် သစ်တောဝန်ကြီးဌာန
(ဇ)	ဦးစိုင်းနော်ခမ်း(ခ) ဦးတင်ထွန်းအောင်	ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဈ)	ဦးစိုင်းထွန်းရင်	လျှပ်စစ်ဝန်ကြီးဌာန

(၈) စစ်ကိုင်းတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးကြည်နိုင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးစိန်ဝင်း	လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန
(ဂ)	ဦးစောမြင့်ဦး	သစ်တောရေးရာဝန်ကြီးဌာန
(ဃ)	ဦးစိန်မောင်း	ကုန်သွယ်ရေးနှင့် သမဝါယမဝန်ကြီးဌာန
(င)	ဦးသန်းထိုက်	စွမ်းအင်၊ သတ္တု၊ စက်မှုဝန်ကြီးဌာန
(စ)	ဦးတင်ငွေ	ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာမြင့်သိန်း	ကျန်းမာရေးဝန်ကြီးဌာန
(ဇ)	ဦးတင်ဝင်း	ပညာရေးဝန်ကြီးဌာန
(ဈ)	ဦးကျော်ဝင်း	လူမှုရေးဝန်ကြီးဌာန

(၉) မကွေးတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးအနန့်ဇော်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးအောင်ကျော်မင်း	ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ဦးနေရှင်း	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်နိုင်	လယ်ယာ/သစ်တော ဝန်ကြီးဌာန
(င)	ဦးကြည်မင်း	စီမံ/ဘဏ္ဍာဝန်ကြီးဌာန
(စ)	ဦးဝင်းဖေ	ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဆ)	ဦးမြင့်နိုင်	စီးပွားရေးဝန်ကြီးဌာန
(ဇ)	ဦးသိန်းထွန်း	စက်မှု၊ သတ္တုဝန်ကြီးဌာန
(ဈ)	ဦးဝင်းမြင့်မောင်	လျှပ်စစ်ဝန်ကြီးဌာန

(၁၀) မန္တလေးတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးအောင်ကျော်မိုး	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးအောင်ဇံ	စီးပွားရေးရာဝန်ကြီးဌာန
(ဂ)	ဦးမြင့်သန်း	လယ်ယာနှင့် သစ်တောရေးရာ ဝန်ကြီးဌာန
(ဃ)	ဒေါက်တာဝင်းလှိုင်	ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(င)	ဦးဖုန်းဇော်ဟန်	မြို့တော်ဝန်၊ စည်ပင်သာယာ ရေးရာဝန်ကြီးဌာန
(စ)	ဦးကျော်ဆန်း	ပို့ဆောင်/ဆက်သွယ်ရေးရာ ဝန်ကြီးဌာန
(ဆ)	ဦးသန်းစိုးမြင့်	လူမှုရေးရာဝန်ကြီးဌာန
(ဇ)	ဒေါက်တာမြင့်ကြူ	စက်မှုရေးရာဝန်ကြီးဌာန
(ဈ)	ဦးအောင်မောင်း	အလုပ်သမားရေးရာ ဝန်ကြီးဌာန

(၁၁) ပဲခူးတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးသက်ထွန်း	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးရဲမြင့်ထွန်း	စီမံခန့်ခွဲရေးဝန်ကြီးဌာန
(ဂ)	ဦးမြင့်လွင်ဦး	ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန
(ဃ)	ဒေါက်တာကျော်ဦး	လူမှုရေးဝန်ကြီးဌာန
(င)	ဦးကျော်မြင့်	စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးထွန်းဝေ	ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန
(ဆ)	ဦးဘောဘီအုန်း	စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးကျော်ငွေး	စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောဝန်ကြီးဌာန
(ဈ)	ဦးတင်စိုး	စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန

(၁၂) တနင်္သာရီတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးဇော်လွင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးမြတ်ကို	စီးပွားရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာဝင်းအောင်	လယ်ယာ၊သစ်တော ဝန်ကြီးဌာန
(ဃ)	ဒေါက်တာဝင်းအောင်	သားငါး၊ စွမ်းအင်ဝန်ကြီးဌာန
(င)	ဦးသန်းအောင်	စက်မှု၊ သတ္တုဝန်ကြီးဌာန
(စ)	ဒေါက်တာကျော်ဆန်း	ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးဝင်းဆွေ	ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန
(ဇ)	ဦးသိန်းလွင်	လူမှု/ပြန်ကြားဝန်ကြီးဌာန
(ဈ)	ဦးအောင်ကျော်ကျော်ဦး	ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) ရန်ကုန်တိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးတင်ဝင်း	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးလှမြင့်	စည်ပင်သာယာရေး ဝန်ကြီးဌာန
(ဂ)	ဦးညဏ်ထွန်းဦး	ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန
(ဃ)	ဦးစိုးမင်း	လယ်ယာ/စီးပွား/ ကူးသန်းနှင့် အလုပ်သမားဝန်ကြီးဌာန
(င)	ဦးကျော်စိုး	လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန
(စ)	ဦးသန်းမြင့်	ဘဏ္ဍာအခွန်/သစ်တောနှင့် သားငါးဝန်ကြီးဌာန
(ဆ)	ဦးအောင်ခင်	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(ဇ)	ဒေါ်စန်းစန်းနွယ်	ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာမြင့်သိန်း	လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန

(၁၄) ဧရာဝတီတိုင်းဒေသကြီး

(က)	ဗိုလ်မှူးကြီးမောင်မောင်ဝင်း	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးတင်စိုး	စီမံ/စီးပွားဝန်ကြီးဌာန
(ဂ)	ဦးဝင်းကိုကို	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဃ)	ဦးလှခိုင်	စီးပွား/ကူးသန်းဝန်ကြီးဌာန
(င)	ဦးစန်းမောင်	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(စ)	ဦးစိုးမြင့်	လူမှုရေးဝန်ကြီးဌာန
(ဆ)	ဦးသန်းထွန်း	ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန
(ဇ)	ဦးစောမြသိန်း	ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဈ)	ဦးကျော်ဝင်းနိုင်	ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၂၀/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) နှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၂ တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဒေါ်မေရီမီနန်	ကချင်ပြည်နယ်
(၂)	ဦးဌေးအောင်	ကယားပြည်နယ်
(၃)	ဦးသိန်းလွင်	ကရင်ပြည်နယ်
(၄)	ဦးကပ္ပတီအယ်လ်	ချင်းပြည်နယ်
(၅)	ဦးဝင်းကြည်	မွန်ပြည်နယ်
(၆)	ဦးလှသိန်း	ရခိုင်ပြည်နယ်
(၇)	ဦးမောင်မောင်	ရှမ်းပြည်နယ်
(၈)	ဦးမောင်မောင်လင်း	စစ်ကိုင်းတိုင်းဒေသကြီး
(၉)	ဦးမောင်မောင်ဖြူတင့်	မကွေးတိုင်းဒေသကြီး
(၁၀)	ဦးရဲအောင်မြင့်	မန္တလေးတိုင်းဒေသကြီး
(၁၁)	ဦးမြင့်အောင်	ပဲခူးတိုင်းဒေသကြီး
(၁၂)	ဦးစိုးမြင့်	တနင်္သာရီတိုင်းဒေသကြီး
(၁၃)	ဦးကျော်မိုးနိုင်	ရန်ကုန်တိုင်းဒေသကြီး
(၁၄)	ဦးချစ်ကိုကို	ဧရာဝတီတိုင်းဒေသကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၂၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ) နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၁ တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးညိုမှိုင်း	ကချင်ပြည်နယ်
(၂)	ဒေါ်ကြည်ကြည်	ကယားပြည်နယ်
(၃)	ဒေါ်ခင်မော်	ကရင်ပြည်နယ်
(၄)	ဦးကျော်ဇံ	ချင်းပြည်နယ်
(၅)	ဒေါ်ခင်ခင်မျိုး	မွန်ပြည်နယ်
(၆)	ဦးထွန်းစံအောင်	ရခိုင်ပြည်နယ်
(၇)	ဦးသိန်းမြင့်	ရှမ်းပြည်နယ်
(၈)	ဒေါ်ခင်မြင့်အေး	စစ်ကိုင်းတိုင်းဒေသကြီး
(၉)	ဦးလှသန်း	မကွေးတိုင်းဒေသကြီး
(၁၀)	ဦးကျော်ဝင်း	မန္တလေးတိုင်းဒေသကြီး
(၁၁)	ဦးအေးဝင်း	ပဲခူးတိုင်းဒေသကြီး
(၁၂)	ဦးသိန်းဟန်	တနင်္သာရီတိုင်းဒေသကြီး
(၁၃)	ဦးမြင့်အောင်	ရန်ကုန်တိုင်းဒေသကြီး
(၁၄)	ဦးသိန်းထွန်း	ဧရာဝတီတိုင်းဒေသကြီး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၂၂/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဆ) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများတွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးရှုစ်ကြူး	နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၂)	ဦးထူးကိုကို	ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၃)	ဦးစံလွင်	ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၄)	ဦးမောင်ကျော်(ခ) ဦးထွန်းကျော်	ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၅)	ဦးပယ်စောက်ချိန်(ခ) ဦးဘေဆော်ချိန်	ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၆)	ဦးခွန်ထွန်းထူး(ခ) ဦးထွန်းလူ	"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၂၃/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်**

(က)	ဦးခင်မောင်ဆွေ	ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဒေါ်ခင်ပြုံးရည်	ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဂ)	ဦးဂွမ်ရိန်ဒီး	ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဃ)	ဦးအားဆီ	လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၂) **ကယားပြည်နယ်**

(က)	ဦးစိန်ဦး	ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၃) **ကရင်ပြည်နယ်**

(က)	ဦးခင်ကြူး	ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဦးခွန်သန်းမြင့်	ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဂ)	ဦးနိုင်ချစ်ဦး	မွန်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၄) **မွန်ပြည်နယ်**

(က)	ဦးသက်ဝင်း	ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဦးခွန်ဖေမြ	ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဂ)	ဦးစောအောင်ကျော်သိန်း	ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၅) **ရခိုင်ပြည်နယ်**

(က)	ဦးကိုကိုနိုင်	ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၆) **ရှမ်းပြည်နယ်**

(က)	ဦးနိုင်ဝင်း	ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဦးဒူဝါဇုတ်ဒေါင်	ကချင်(ဂျိန်းဖော) တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဂ)	ဦးဂုန်ဆန်(ခ)ရောဝိ	လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဃ)	ဦးရှာမွေလရှုန်	လားဟူတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန
(င)	ဦးဝင်းမြင့်	အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန
(စ)	ဦးပီတာသောင်းစိန်	ကော်(အခါ) တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ဆ)	ဦးလောရင်	ကယန်း(ပဒေါင်) တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၇) **မကွေးတိုင်းဒေသကြီး**

(က)	ဦးဆလိုင်းလှထွန်း	ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၈) **မန္တလေးတိုင်းဒေသကြီး**

(က)	ဦးစိုင်းမောင်လှ	ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၉) **ပဲခူးတိုင်းဒေသကြီး**

(က)	ဦးစောဂျူဘလီစံလှ	ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၁၀) **တနင်္သာရီတိုင်းဒေသကြီး**

(က)	ဦးစောဟာဘီး	ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၁၁) **ရန်ကုန်တိုင်းဒေသကြီး**

(က)	ဦးစောထွန်းအောင်မြင့်	ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဦးဇော်အေးမောင်	ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၁၂) **ဧရာဝတီတိုင်းဒေသကြီး**

(က)	ဦးမန်းသန်းရွှေ	ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(ခ)	ဦးဘကြူး	ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၂	၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။ နိုင်ငံတော်သီချင်း
၇း၀၅	၄။ တရားတော်
၇း၃၀	၅။ ဓမ္မပူဇာတေး
၇း၃၅	၆။ မျိုးချစ်တပ်မတော်
၇း၄၀	၇။ မြန်မာ့ရှုခင်း
၇း၄၅	၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။ ဦးတည်ချက်(၁၂)ရပ်
၈း၁၃	၁၃။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၄။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၅။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၃	၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။ နိုင်ငံတော်သီချင်း
၄း၁၀	၄။ အဖွင့်သီချင်း
၄း၁၅	၅။ မျိုးချစ်တပ်မတော်
၄း၂၀	၆။ ဇာတ်လမ်းတို
၄း၃၀	၇။ ချစ်သူစုံတွဲတူယှဉ်၍
၄း၃၅	၈။ ဗွီစီဒီကျော်ကြားတေး
၄း၄၅	၉။ မွေးမြူသုတ
၄း၅၀	၁၀။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၁၁။ အားလုံးရဲ့တာဝန်
၅း၁၀	၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅၂)**
၆း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၅။ အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၆။ လျှပ်တစ်ပြက်
၆း၃၀	၁၇။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၈။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၉)
၇း၀၀	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၇၁)**
၈း၀၀	၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၁။ အမျိုးသားရေးတေးကဗျာ
	၂၂။ ဦးတည်ချက်(၁၂)ရပ်
	၂၃။ နိုင်ငံတကာသတင်း
	၂၄။ မိုးလေဝသသတင်း
	၂၅။ အနုပညာရှင်၏တစ်နေ့တာ
	၂၆။ ကုန်သွယ်သုတ
	၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၂၃) (ဇာတ်သိမ်း)**
	၂၉။ ဂီတရင်ခုန်သံ
	၃၀။ သင့်အတွက်မနက်ဖြန်
	၃၁။ အပိတ်နှုတ်ဆက်စကား
	၃၂။ ပြီးပါပြီ။

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ ဧပြီ ၂ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၃၀

ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၀) ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ် အမှတ်(၂) မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအားလုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

❒ နိုင်ငံတော်သမ္မတမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ နှင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ဖြစ်ကြသော နေပြည်တော် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ **"ကျွန်ုပ် - - - - သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။**

ကျွန်ုပ်သည် ဤနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိ လိုက်နာရိုသေပြီး နိုင်ငံတော်၏ ဥပဒေများကို လိုက်နာကျင့်သုံး ဆောင်ရွက်ပါမည်။ မိမိ၏တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် အစွမ်းကုန်ဆောင်ရွက်ပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးငှာ နိုင်ငံတော်အား မိမိ၏ အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုသည်" ဟူ၍ ကတိသစ္စာပြုကြသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ထို့ပြင် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့လည်း တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၂)ဦး ရှိသည့်အနက် (၆၄၉)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉. ၅၄) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များဖြစ်သည့် ရွေးချယ်တင်မြှောက်ခြင်းများ၊ ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်းများ၊ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဖွဲ့စည်းခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယနေ့ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်) ရက်စွဲဖြင့် ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၅/၂၀၁၁)၊ ကြေညာချက်အမှတ် (၆/၂၀၁၁)၊ ကြေညာချက်အမှတ် (၇/၂၀၁၁)၊ ကြေညာချက်အမှတ် (၈/၂၀၁၁)တို့ကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားကြေညာသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန် ပေးရန် သဘောတူညီထားသော ပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပြည်ထောင်စု လွှတ်တော်တွင် မိန့်ခွန်းပြောကြားသည်။ (နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်အသီးသီး၏ အစည်းအဝေးများသည် မိမိတို့အားလုံးအတွက် ပထမဆုံး အတွေ့အကြုံများပင်ဖြစ်ပါကြောင်း၊ နောက်နောင်တွင် ပိုမိုရင့်ကျက်လာကြမည်ဖြစ်ပြီး ပြည်သူ၏အကျိုးစီးပွားကို ယခုထက်ပိုမိုတွင်ကျယ်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးရမည့် ဘာသာရပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ သဘောတူညီမှုမရသည့် ဥပဒေကြမ်းဆိုင်ရာ ကိစ္စရပ်များ၊ အထူးအစည်းအဝေးများနှင့် အရေးပေါ်အစည်းအဝေးများ ခေါ်ယူရန် လိုအပ်သည့်ကာလ၌ ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်ခေါ်ယူမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်သုံးရပ်သည် ပြည်ထောင်စုအစိုးအရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးက တင်ပြလာသည့် ဥပဒေကြမ်းများ၊ လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းသည့် ပုဂ္ဂလိကဥပဒေကြမ်းများကို လေ့လာဆန်းစစ် ဝေဖန်ပြီး ပြင်ဆင်ဖြည့်စွက် နုတ်ပယ်အတည်ပြုပေးရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ယင်းသို့ ဥပဒေများကို အတည်ပြုပေးရသည့် မိမိတို့သည်လည်း ဥပဒေမှန်သမျှကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ နောင်လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို မိမိတို့၏ ပင်ကိုအသိတရားနှင့် စောင့်ထိန်းလိုက်နာကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေး၏ နောက်ဆုံးနေ့ဖြစ်သည့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ကျင်းပပြီးစီးကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာသည်။

မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသည်။

အစည်းအဝေးအပြီးတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၂၄/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်
တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က သဘောတူညီသည့် အောက်ပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်**
- (က) ဦးဇော်ဝင်း
- (ခ) ဒေါ်ပြုံးပြုံးအေး

(၂) **ကယားပြည်နယ်**
- (က) ဦးကျော်လင်းမောင်
- (ခ) ဒေါ်သန်းသန်းအေး

(၃) **ကရင်ပြည်နယ်**
- (က) ဦးသိန်းကိုကို
- (ခ) ဒေါ်ခင်ဆွေထွန်း

(၄) **ချင်းပြည်နယ်**
- (က) ဦးလှတင်
- (ခ) ဦးမြင့်သိန်းထွန်း

(၅) **မွန်ပြည်နယ်**
- (က) ဦးသိန်းမြင့်
- (ခ) ဦးညီညီစိုး

(၆) **ရခိုင်ပြည်နယ်**
- (က) ဦးသိန်းအောင်
- (ခ) ဒေါ်စီစီ

(၇) **ရှမ်းပြည်နယ်**
- (က) ဒေါ်ခင်မေတင့်
- (ခ) ဦးခင်မောင်ဌေး

(၈) **စစ်ကိုင်းတိုင်းဒေသကြီး**
- (က) ဦးမျိုးမောင်
- (ခ) ဦးဝင်းမြင့်

(၉) **မကွေးတိုင်းဒေသကြီး**
- (က) ဦးမြင့်သိန်း
- (ခ) ဒေါ်နုယဉ်

(၁၀) **မန္တလေးတိုင်းဒေသကြီး**
- (က) ဒေါ်တင်နွယ်ဝင်း
- (ခ) ဒေါ်ခင်သင်းဝေ
- (ဂ) ဒေါ်ကြင်သောင်း(ခ) ဒေါ်လေးလေးမွန်
- (ဃ) ဦးကြည်သိန်း(ခ) ဦးကြည်သိန်းအောင်
- (င) ဒေါ်လှလှရီ
- (စ) ဦးသောင်းညွန့်

(၁၁) **ပဲခူးတိုင်းဒေသကြီး**
- (က) ဦးကြည်သိန်း
- (ခ) ဦးတင်ဟုန်(ခ) ဦးယုကျုံး

(၁၂) **တနင်္သာရီတိုင်းဒေသကြီး**
- (က) ဦးတင်အောင်
- (ခ) ဒေါ်ညွန့်ညွန့်ဆွေ

(၁၃) **ရန်ကုန်တိုင်းဒေသကြီး**
- (က) ဦးမျိုးမြင့်
- (ခ) ဦးလှအေး
- (ဂ) ဒေါ်စန္ဒာသွယ်
- (ဃ) ဒေါ်စိုးစိုးအောင်
- (င) ဒေါ်အေးသန်း
- (စ) ဒေါ်သင်းသင်းနွဲ့

(၁၄) **ဧရာဝတီတိုင်းဒေသကြီး**
- (က) ဒေါ်သိန်းသိန်းညွန့်
- (ခ) ဦးကျော်မင်း
- (ဂ) ဦးသန်းထွန်း
- (ဃ) ဦးမျိုးညွန့်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၀

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပကြသည်။

အဆိုပါ အစည်းအဝေးများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ တင်ပြ၍ အတည်ပြုကြေညာသည်။ ယင်းနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံထားရသူများက သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အလိုက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုများကို ဧပြီ ၁ ရက်နေ့ထုတ်သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဘင်္ဂလား ပင်လယ်အော် အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ကုန်သည်စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဧပြီ/၂၀၁၁)ကို ဧပြီ ၂ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးသန်းမောင် (စစ်တွေ)က "ကုန်ပစ္စည်းအတုနှင့် ကုန်အမှတ်တံဆိပ်အတု ပြဿနာ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး သဘာဝဘေးဒဏ်သင့်ပြည်သူများထံ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် မတ်(၂၇)ရက် နံနက်ပိုင်းတွင် ကျိုင်းတုံလေယာဉ်ကွင်း၌ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသော မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများကို ဝိုင်းဝန်း သယ်ဆောင်ပေးကာ ငလျင်ဘေးဒဏ်သင့်ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရောက်ရှိစေရေး လုပ်အားပေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ပုဂ္ဂိုလ်များ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသောပုဂ္ဂိုလ်များ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော် မတ် ၃၀

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းသို့ ကတိသစ္စာပြုရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးသိန်းစိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးတင်အေး၊ ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးဝင်းထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးသိန်းထိုက်၊ ဦးလှထွန်း၊ ဦးသိန်းထွန်း၊ ဦးခင်မောင်မြင့်၊ ဦးတင့်ဆန်း၊ ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးဝဏ္ဏမောင်လွင်၊ ဗိုလ်ချုပ်သိန်းဌေး၊ ဗိုလ်ချုပ်လှမင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးလွန်းမောင်၊ ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးစိုးမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်စိုး၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ သူရဦးမြင့်မောင်၊ ဦးအေးမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာမြအေး၊ ဦးအောင်မင်း၊ ဦးသန်းဌေး၊ ဦးစိုးသိန်း၊ ဦးကျော်စွာခိုင်၊ ဦးအုန်းမြင့်၊ ဦးအောင်ကြည်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြင့်ဟန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ် တာဝန်ပေးရန် သဘောတူညီထားသော ဒေါက်တာတင်အောင်အေး၊ ဒေါ်ခင်လှမြင့်၊ ဦးထွန်းကြည်၊ ဦးစိုးသိန်း၊ ဦးခင်ထွန်း၊ ဦးဆန်းမြင့်၊ ဦးမြင့်ကြိုင်၊ ဒေါ်မိမိရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးသာဦး၊ ဦးဝင်းကြည်၊ ဦးညွန့်တင်တို့သည် သတ်မှတ်နေရာများ၌ နေရာယူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီ ထားသော ပုဂ္ဂိုလ်များအားလုံးက **"ကျွန်ုပ် - - - - သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။**

ကျွန်ုပ် - - - - သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကိုထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်"ဟူ၍ ကတိသစ္စာပြုကြသည်။

(သတင်းစဉ်)

ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

အမည်၊	ခန့်ထားသည့်ရာထူး၊ ဌာန
(၁) ဦးတင်မျိုးကြည်	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
(၂) ဦးမင်းဇော်	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး

ဇီဝ မျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဖြူစင်စိတ်ထားအလုပ်ကြိုးစား" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆း၃၅ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၅၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၁၇)**
၈း၄၅ ရည်မှန်းကာကုသိုလ်ယူ အထက(၂)ကမာရွတ်၏ ရဟန်းခံ၊ ရှင်ပြုအလှူ
၉း၀၀ သဒ္ဒါကြည်ဖြူမြင်းခြံမြို့ရဲ့ ရွှေပြည်စိုးအလှူ
၉း၂၀ Activities In The City (ရန်ကုန်စီးပွားရေးတက္ကသိုလ် ဖွံ့ဖြိုးမှုပညာမဟာတွဲ့သင်တန်း မိသားစုမိတ်ဆုံညစာစားပွဲ)
၉း၃၀ Science For All (သီးနှံမှသည် စွမ်းအင်ဆီသို့) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉း၅၅ လေ့လာသင်ယူပါ School of Logistics and Supply Chain Management... မှာ
၁၀း၁၅ Activities In The City (ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်းပေါင်းစုံပဒေသာကပွဲ)
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅ The Champion of Dance (မြန်မာ့ရိုးရာသကြ်န်ယိမ်းအက ပြိုင်ပွဲ) (အပိုင်း-၃)
၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် (မြတ်သောပန်းကလေး လန်းစေချင်)
၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ သွန်းပြုပူဇော် ရှစ်သောင်းလေးထောင် အဘိနိမ္မိတ ဗုဒ္ဓရုပ်ပွားတော်အလှူတော်
၁၂း၃၅ အဏ္ဏဝါသမ္မုဒ္ဒေစေတီတော် ရွှေထီးတော်တင်မင်္ဂလာ
၁း၀၀ "ဖြူစင်စိတ်ထားအလုပ်ကြိုးစား" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၁း၄၅ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
၂း၀၀ MRTV-4 သတင်း
၂း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (IRIS Hair Style & Beauty Treatment Center)
၂း၄၀ မြိုင်ပရဟိတကျောင်းတိုက်မှ ကျောင်းဆောင်သစ်ရေစက်ချပွဲနှင့် မူလွန်ကျောင်းဖွင့်ခွင့်လက်မှတ် အပ်နှင်းပွဲ
၂း၅၅ ရန်ကုန်မြင်ကွင်းကျယ် (MBA Society Annual Dinner 2011)
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၅၉)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၁၇)**
၄း၅၅ IBTC မှကလေးမြို့သို့ အလင်းပေးခရီးစဉ်
၅း၁၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၁)ဒဂုံကျောင်းသား၊ ကျောင်းသူများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ]
၅း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (နေခြည်လင်းလဲ့)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၆၀)**
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ကိုယ်ဝန်ရှိတာကောင်းတယ်၊ ကိုယ်ဝန်မရှိတာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီတဲ့အချစ်"(အပိုင်း-၁၈)**
၁၀း၁၅ အားကစားမြင်ကွင်းစုံ
၁၀း၅၅ ဂီတသံစဉ်အလှဆင်(သုမောင်)
၁၁း၁၅ အနုပညာမိုးကောင်းကင်
၁၁း၃၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
၁၂း၀၀ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ) (အပိုင်း-၁)
၁၂း၃၀ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁း၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၁း၁၅ ညောင်ဇင်ရွာတစ်ထောက်နားစားဖွယ်ကများ
၁း၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Dynasty Crafts Work)
၁း၄၅ ချောင်းကမ်းဘေးက ရွာကလေး (နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တီကို၊ သဇင်) [ဒါရိုက်တာ-မြင့်စိုး (ဝ/သ)ရန်ကုန်]
၁း၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize)
၂း၁၅ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
၂း၂၅ ဒို့တိုင်းဌာနီရောဝတီ (ကြက်၊ ဘဲ၊ ဝက်၊ ငါးမွေးမြူရေးလုပ်ငန်းများ)
၂း၄၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေးသည်
၂း၅၀ 2 D (ရဲတိုက်၊ နေဇင်အောင်အောင်၊ ကေကေမိုးမြင့်၊ ဇင်ချိုခိုင်ဦး၊ ဝတီ) (ဒါရိုက်တာ-Nova)
၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပဂေါ်မိတ်အလှ)
၄း၃၅ ကံပေါက်ဒေသမှလေ့လာစရာများ
၅း၀၀ အစီအစဉ်ပြီး။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ယနေ့ကျင်းပသော အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသောပုဂ္ဂိုလ်များ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတကြီး မိန့်ခွန်းပြောကြားခြင်းနှင့် နိုင်ငံတော်သမ္မတကြီးပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၃၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)